**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

ဒသမနေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၆၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့ ၇-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဧင်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ Save the Children ဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဧင်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဧင်းအတိုင်းနဲ့ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက် တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားတဲ့ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ရဲ့ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)တွင် နိုင်ငံတော်အတွင်း ဖွဲ့စည်းထားသော ပညာရေး၊ ကျန်းမာရေး နှင့်စပ်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာ မေးမြန်းဆွေးနွေးနိုင်သည် ဖော်ပြထားသည့် စကားရပ်အစား နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော အမျိုးသမီး၊ ကလေးသူငယ်များနှင့်စပ်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်း

များသို့ သွားရောက်လေ့လာ မေးမြန်းဆွေးနွေးနိုင်သည် ဟူသော စကားရပ်ဖြင့် ပြင်ဆင်သတ်မှတ်ခွင့်ပြုရန် လွှတ်တော်သို့ တင်ပြပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခွင့်ပြုရန် တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခွင့်ပြုရန် တင်ပြချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးရွာ၊ တရွန်အိုင်ကျေးရွာနှင့် ကျီးလေကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် လာမည့်ကျောင်းဖွင့်ချိန်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးရွာ၊ တရွန်အိုင်ကျေးရွာနှင့် ကျီးလေကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် လာမည့်ကျောင်းဖွင့်ချိန်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် နှစ်ပေါင်း(၁၄၀)ကျော် တိုင်ခဲ့ပြီဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုမှာ ယနေ့ထိတိုင် နှေးကွေးနေဆဲ ဖြစ်ပါတယ်။ ပထဝီ အနေအထားအရ လမ်းပန်းဆက်သွယ်ရေး၊ ဖုန်းအဆက်အသွယ် ခက်ခဲနေဆဲပဲ ရှိပါသေးတယ်။ မြို့နယ် လူဦးရေ၏(၇၈)ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ရွှေ့ပြောင်းတောင်ယာလုပ်ငန်း၊ ကိုင်းခင်းလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်းနဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသူ များဖြစ်ပါတယ်။ ပညာရေးအခွင့်အလမ်းများလည်း နိမ့်ကျနေသောအခြေအနေတစ်ရပ် ဖြစ်ပါတယ်။ သားသမီးများကိုလည်း ပညာဆုံးခန်းတိုင် မသင်နိုင်သောမိဘများ အများအပြားရှိကြပါတယ်။ ငွေကြေး မတတ်နိုင်သောမိသားစုများသည် အလယ်တန်းကျောင်းရှိသော ကျေးရွာများနှင့်လည်း မိမိတို့နေထိုင် ရာရွာနှင့် အလှမ်းဝေးကွာသောကြောင့် မူလတန်းလွန်အဆင့်၌ပင် ကျောင်းထွက်ရရှာသော ကျောင်းသူ၊ ကျောင်းသားများလည်း ရှိကြပါတယ်။

ယခုတင်ပြထားသော ကျေးရွာများတွင် အလယ်တန်းအဆင့် တိုးပေးမည်ဆိုပါက ကျောင်းသူ၊ ကျောင်းသားများအတွက် အလွန်ပင် အကျိုးကျေးဇူးရှိမှာဖြစ်ပါတယ်။ ဖော်ပြပါ ကျောင်း(၃)ကျောင်း ထဲတွင် တရွှန်အိုင်ကျေးရွာနှင့် ကြီးလေကျေးရွာ အ.လ.က(ခွဲ)ကျောင်းတို့မှာ ကျောင်းအဆောက်အအုံ ကောင်းမွန်မှုရှိပြီး ချင်းဒေါက်ကျေးရွာမှ အ.လ.က(ခွဲ) ကျောင်းအဆောက်အအုံမှာ ဟောင်းနွမ်းလျက် ရှိကြောင်း တင်ပြလိုပါတယ်။ ၂၀၁၈-၂၀၁၉ မှာ အဆောက်အအုံသစ် တစ်ဆောင် တည်ဆောက်ပေးနိုင် ပါရန် နိုင်ငံတော်အား တောင်းဆိုပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပလက်ဝမြို့နယ်၊ ချင်းဒေါက်၊ တရွှန်အိုင်ကျေးရွာနှင့် ကြီးလေကျေးရွာတို့ကို လာမည့်ကျောင်းဖွင့်ချိန်တွင် အ.လ.က(ခွဲ)အလယ်တန်း အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ A.G.T.I (ပထမနှစ်) သင်တန်းများ စတင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့က ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ A.G.T.I (ပထမနှစ်) သင်တန်းများ စတင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဖိတ်ကြားထား

သော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့ မေးမယ့်မေးခွန်းကတော့ ကျိုက်လတ်မြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ ပထမနှစ် ပုံမှန်သင်တန်းများ ဖွင့်လှစ်ပေးရန်ကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့တွင်ရှိသော အစိုးရနည်းပညာအထက်တန်းကျောင်းအား ကျိုက်လတ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ၂၀၁၃-၂၀၁၄ တွင် အဆောက်အအုံများ စတင်ဆောက်လုပ်ခဲ့ပါတယ်။ ထိုအချိန်တွင်ပင် ဧရာဝတီတိုင်း၊ လပွတ္တာခရိုင်၊ ပြင်စလူမြို့တွင်ရှိသော အစိုးရနည်းပညာအထက်တန်းကျောင်းကိုပင် လပွတ္တာမြို့သို့ ပြောင်းရွှေ့ရန် တစ်ပြိုင်တည်း စီစဉ်ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၅-၂၀၁၆ တွင် လပွတ္တာမြို့၌ အစိုးရစက်မှု လက်မှုသိပ္ပံကျောင်းအဖြစ် စတင်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကျိုက်လတ်မြို့တွင် ယနေ့အချိန်အထိ ပထမနှစ် ပုံမှန်သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်း မရှိသေးပါ။ လက်ရှိအခြေအနေတွင် ဒေသအတွက် အကျိုးရှိစေမည့် ကာလတိုသင်တန်းများသာ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အခြား အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာသုံးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံလက်သမားနှင့် အုတ်စီလုပ်ငန်းသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း ဟူ၍ သင်တန်း(၄)မျိုး ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှ ယနေ့အချိန်အထိ ကာလတို သင်တန်း တက်ရောက်ခဲ့သူဦးရေမှာ (၃၂၈)ယောက်ဖြစ်သည်ဟု သိရှိရပါတယ်ရှင်။ ကာလတိုသင်တန်း များ သင်ကြားပေးခြင်းဖြင့် ဤကဲ့သို့ အကျိုးဖြစ်ထွန်းမည်ဆိုလျှင် A.G.T.I (ပထမနှစ်) ပုံမှန်သင်တန်း ဖွင့် လှစ်ပေးနိုင်မည်ဆိုပါက ဒေသခံလူငယ်များအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာ နိုင်မှာ ဖြစ်ပါတယ်။ ကျိုက်လတ်မြို့နယ်တစ်ခုတည်းသာမက ဆက်စပ်မြို့နယ်များဖြစ်သော မအူပင်၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း စတဲ့မြို့နယ်များမှ လူငယ်များအတွက်ပါ အခွင့်အလမ်းကောင်းများ ရရှိနိုင်မှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကုလသမဂ္ဂစာရင်းများအရ မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် အာဆီယံ နိုင်ငံများတွင် စတုတ္ထအများဆုံးဖြစ်သည်ဟု လေ့လာသိရှိရပါတယ်။ လူငယ်များ၏ အလုပ်လက်မဲ့ ပြဿနာကို ဖြေရှင်းရန်နဲ့ အသက်မွေးဝမ်းကျောင်းပညာ စိတ်ဝင်စားသူများ လေ့လာသင်ယူနိုင်သော သင်တန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် အရေးပါသောအခန်းကဏ္ဍတစ်ခု ဖြစ်ပါ တယ်။ ယခုအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်များကို လေ့ကျင့်၊ ပြုစု၊ ပျိုးထောင်ပေးရန် အထူးလိုအပ်နေတဲ့ကာလလည်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ စက်မှုလက်မှုသိပ္ပံကျောင်းများ ဆောလျင်စွာ ဖွင့်လှစ်ပေးနိုင်မည် ဆိုပါက လူငယ်များအတွက် ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူခွင့်ရရှိ၍ အလုပ် အကိုင်အခွင့်အလမ်းများ ရရှိနိုင်သလို အလုပ်ရှင်များအတွက် အဓိကလိုအပ်ချက်ဖြစ်သော ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်

မှုကို အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ A.G.T.I(ပထမနှစ်) ပုံမှန်သင်တန်းများ ယခုနှစ်တွင် စတင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်များ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာနှင့် ဝဲကြီးဒေါင့်ကျေးရွာအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်း ကျေးရွာနှင့် ဝဲကြီးဒေါင့်ကျေးရွာအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေအားဖြင့်(၂၁၆၉၇၀)ဦး ရှိပါတယ်။ ကျေးရွာပေါင်း(၂၈၃)ရွာ ရှိပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး အထက်တန်းကျောင်း(၆)ကျောင်း၊ အထက်တန်းကျောင်းခွဲ(၈)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်းနဲ့ အလယ်တန်းကျောင်း(ခွဲ)(၂၄)ကျောင်း၊ မူလတန်းလွန်ကျောင်း(ခွဲ)(၅၄)ကျောင်း၊ မူလတန်းကျောင်းက(၁၂၃)ကျောင်း၊ မူလတန်းကျောင်း(ခွဲ)က(၃၇)ကျောင်း ရှိပါတယ်။

ဒုက္ကံချောင်းကျေးရွာတွင် အိမ်ခြေအားဖြင့်(၃၇၅)အိမ်နဲ့ လူဦးရေအားဖြင့်(၁၆၇၅)ဦး ရှိပါတယ်။ အလယ်တန်းအဆင့်ကို ၁၉၅၈ ခုနှစ်ကပင် ဖွင့်လှစ်ခွင့် ရရှိခဲ့ပြီး အထက်တန်းကျောင်း(ခွဲ)အဆင့်ကို ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ကျောင်းသားဦးရေမှာ အထက်တန်းကျောင်းသားက (၃၁၀)ဦး၊ အလယ်တန်းကျောင်းသားက(၄၄၃)ဦး၊ မူလတန်းကျောင်းသားက(၁၆၁)ဦးရှိပြီး စုစုပေါင်း(၉၁၄)ဦးရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဒုက္ကံချောင်းကျေးရွာ အထက်တန်းကျောင်းခွဲမှာ အပေါက်ဝကျေးရွာ အထက်တန်းကျောင်းရဲ့ ကျောင်းခွဲဖြစ်ပြီး အပေါက်ဝကျေးရွာနဲ့ (၅)မိုင်ခန့်ကွာဝေးပြီး မြေသားလမ်းသာရှိတဲ့ လမ်းပေါ်မှာရှိပါတယ်။ မိုးရာသီတွင် သွားလာ၍မရပါ။ အနီးအနား ကျေးရွာမှာရှိတဲ့ စာသင်ကျောင်းများအဖြစ် နဂူမေကျေးရွာ၊ ဗိုလ်မင်းကျေးရွာ၊ နေပူခံ၊

အုတ်ကြွပ် ဘရာဝါ၊ ယွန်းချောင်း၊ လမုတပင် ကျောင်းတွေမှကျောင်းသားများ အထက်တန်းအဆင့်ကို လာရောက်တက်ကြတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

ဝဲကြီးထောင့်ကျေးရွာဟာ ပီချောင်းနယ်မြေမှာရှိတဲ့ တစ်ကျောင်းတည်းသော အ.ထ.က(ခွဲ) ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲတဲ့ အရပ်ဒေသတစ်ခုပါ။ ဝဲကြီးထောင့်ကျေးရွာတွင် အိမ်ခြေအားဖြင့်(၆၅၃)အိမ် လူဦးရေ(၃၂၃၆)ဦး ရှိပါတယ်။ အထက်တန်းကျောင်းခွဲအဆင့်ကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တိုးမြှင့်ခွင့် ရရှိခဲ့ပြီး ကျောင်းသားဦးရေမှာ အထက်တန်းကျောင်းသားက(၂၀၄)ဦး၊ အလယ်တန်းကျောင်းသားက(၆၆၂)ဦး၊ မူလတန်းကျောင်းသား (၁၈၅)ဦး၊ စုစုပေါင်း(၁၀၅၁)ဦးရှိတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဒီ အ.ထ.က (ခွဲ)ကျောင်းကို ပီချောင်းနယ်မြေတစ်ခုလုံးမှ ကျေးရွာများရှိ စာသင်ကျောင်းများမှ အထက်တန်းအဆင့်ကို လာရောက်သင်ကြားကြတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ မြို့ပေါ်နဲ့လည်း (၁၀)မိုင်ကျော်လောက်ဝေးကွာပြီး သွားလာရေးခက်ခဲပါတယ်။ အထက်တန်း အဆင့်ကို မဖြစ်မနေ တိုးပေးရမယ့်ကျောင်းတွေ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ ဒုက္ကံချောင်းကျေးရွာ အ.ထ.က(ခွဲ)၊ ဝဲကြီးထောင့်ကျေးရွာ အ.ထ.က(ခွဲ)ကျောင်းများဟာ အထက်တန်းအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် မူဘောင်သတ်မှတ်ချက်များ ရှိနိုင်သော်ငြားလည်း ကျွန်တော်တို့ဒေသရဲ့ လိုအပ်ချက်အရ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဆင်းရဲနွမ်းပါးမှုတွေကို ထောက်ရှုပြီး စဉ်းစားပေးစေလိုပါကြောင်း အခြေအနေအရ ကျောင်းများကို ဆုံးခန်းတိုင်အောင် ကျောင်းမတက်နိုင်ဘဲ ကျောင်းထွက်ရတဲ့ ကျောင်းသားတွေလည်း အများကြီးရှိနေပါတယ်။ ကျွန်တော်တို့ကျေးရွာပြည်သူများ ပညာရေးကိုဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးရှေးရှုပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၁)က ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မေးခွန်း(၂)က ကျောက်တော်မြို့နယ်၊ ဝဲကြီးထောင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်၏

ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေလို့ ကျွန်တော်မှ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဌေ့တင်း ရဲ့ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးရွာ၊ တရွန်အိုင်ကျေးရွာနှင့် ကျီးလေကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) များအား အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် လာမည့်ကျောင်းဖွင့်ချိန်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ရေးများကို လွှတ်တော်မှ ဘဏ္ဍာရေးခွင့်ပြုချက်နဲ့ တိုးမြှင့်ခွင့်ပြုထားသော ဘဏ္ဍာရေးခွင့်ပြုချက်နှင့်အညီ တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့အားလုံး တစ်ပြည်လုံး အတိုင်းအတာနဲ့ဆိုရင် အခြေခံပညာကျောင်းပေါင်း (၅၀၉၉)ကျောင်းကို ကျောင်းအဆင့်အသီးသီးသို့ တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ပလက်ဝမြို့နယ်မှာ အဆင့်တိုးမြှင့် ဆောင်ရွက်မှုများအနေဖြင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁၈)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၂၉)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၉)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပေါင်း(၉)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းပေါင်း(၂၄)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၂)ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း စုစုပေါင်း(၉၂)ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ချင်းဒေါက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ တရွန်အိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ကျီးလေအောက်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ဟာ ခရီးအကွာအဝေး ကွာခြားမှုအရ ကျောင်းသားဦးရေ ပြည့်မီမှုမရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့တဲ့ ၂၃-၅-၂၀၁၇ ရက်နေ့တွင် အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် (၃)ကျောင်းလုံး အဆင့်တိုးမြှင့် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်မေသန်းနွဲ့ ရဲ့ မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ A.G.T.I (ပထမနှစ်) သင်တန်းများ စတင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နိုင်ငံသားတိုင်း သက်မွေးပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ တိုးမြှင့်ရရှိစေရန် နိုင်ငံသားတို့၏

အလုပ်အကိုင်ရရှိစေရန်၊ နိုင်ငံသားတို့ရဲ့ တစ်ဦးချင်းဝင်ငွေ မြင့်မားလာစေရေးတို့အတွက် သက်မွေးပညာရပ်ဖြင့် အထောက်အကူပြုရန်ဆိုတဲ့ ရည်မှန်းချက်များနဲ့အညီ A.G.T.I ဒီပလိုမာ (၃)နှစ်သင်တန်း၊ နည်းပညာအထက်တန်းကျောင်း(၂)နှစ်သင်တန်းနဲ့ ဒေသလိုအပ်ချက်နဲ့ ကိုက်ညီသော ကျွမ်းကျင်မှု အခြေပြုကာလတို သက်မွေးပညာသင်တန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး ဒီအစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆောင်ရွက်နေစဥ်ကာလအတွင်းမှာကိုပဲ ပြီးစီးခဲ့တဲ့ စာသင်ခန်း၊ အလုပ်ရုံများ၊ အခြေအနေပေးမှုပေါ်မူတည်ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလမှစတင်၍ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကာလတိုသက်မွေးပညာသင်တန်းများ သင်ကြားပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်ကြီး ရှင်းလင်းတင်ပြသကဲ့သို့ လယ်ယာသုံးစက်ကိရိယာပြုပြင်ရေးသင်တန်း၊ ကွန်ပျူတာအခြေခံစာစီစာရိုက်သင်တန်း၊ လက်သမားပန်းရံသင်တန်း၊ ဆိုင်ကယ်စက်ပြင်သင်တန်းအစရှိတဲ့ အိမ်တွင်းလျှပ်စစ်သွယ်သင်တန်း၊ အမျိုးသမီး စက်ချုပ်သင်တန်း အစရှိတဲ့ သက်မွေးပညာရပ်များကို သင်တန်းသား၊ သင်တန်းသူဦးရေ (၃၂၅)ဦးအထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ သင်တန်းများဆောင်ရွက်သည့်နည်းတူ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)အတွက် သင်ကြားရေးအဆောက်အအုံများ ဆက်လက်ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ ပြီးစီးပြီဖြစ်ပါတယ်။ A.G.T.I ပထမနှစ်သင်တန်းများဖွင့်လှစ်ရန်အတွက် အဆောက်အအုံများ ဆောက်လုပ်ခြင်းကို အပြီးသတ် ဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများ ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားခြင်းများလည်း ဆောင်ရွက်လျက် ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဥ်းလို့ လာမည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျိုက်လတ်မြို့မှာ A.G.T.I သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဒီ အောက်တိုဘာလလောက်မှာ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထည့်သွင်းကြေညာပြီး သင်တန်းသား ခေါ်ယူမှာဖြစ်ပါတယ်။ ဒီမှာ ဖွင့်လှစ်ရန်စီစဥ်ထားတဲ့ သင်တန်းတွေကတော့ မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ စက်မှုအင်ဂျင်နီယာသင်တန်း အစရှိတဲ့ A.G.T.I သင်တန်းများ စတင်ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီသင်တန်းများကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ဖွင့်လှစ်ရန် လျာထားပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ဒီစက်မှုသိပ္ပံသို့ ဝင်ခွင့်ရသူများကို နိုင်ငံတော်က ပညာသင်ထောက်ပံ့ကြေးအနေနဲ့ တစ်လကို (၃၀၀၀၀ိ/)နှုန်းနဲ့ ဒီပညာသင်ထောက်ပံ့ကြေးအဖြစ် ချီးမြှင့်ရန် စီစဥ်ထားပြီးဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာနှင့် ဝဲကြီးဒေါင့်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဥ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဥ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ပြီးခဲ့တဲ့မေးခွန်းတွေမှာ တင်ပြခဲ့တဲ့အတိုင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်ပြည်လုံး အတိုင်းအတာအနေဖြင့် အခြေခံပညာကျောင်းပေါင်း (၅၀၉၉)ကျောင်းကို သက်ဆိုင်ရာကျောင်းအဆင့်ဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ကျောက်တော်မြို့နယ်အတွင်း ဆောင်ရွက်မှုများ တင်ပြရရင် အခြေခံပညာမူလတန်းကျောင်း (ခွဲ)ပေါင်း (၁)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း(၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပေါင်း(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း(၁၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၂)ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(၂)ကျောင်း စုစုပေါင်းအခြေခံပညာ(၂၇)ကျောင်းတို့ကို ကျောက်တော်မြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ဒုက္ကံချောင်းကျေးရွာနှင့် ဝဲကြီးဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၂)ကျောင်းစလုံးကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၃-၅-၂၀၁၇ ရက်နေ့တွင် အခြေခံပညာအထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးအောင်သိန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ယခုကျွန်တော်တင်ပြရမယ့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**တရားခံလွှဲပြောင်းရေးဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇-၂၁၀

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇွန် လ ၂ ရက်

၁။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ၈-၃-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးကို ဖတ်ကြားတင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ၂၂-၅-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အဆိုပါ အကြံပြုဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁-၆-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဂ)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းနှင့် နောက်ဆက်တွဲ(က)(၁)(ဌ)ကို (ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော စကားရပ်အစား ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အထက် အပိုဒ်ခွဲ(က)မှ (ည)အထိ ဖော်ပြထားတဲ့ ပြစ်မှုများဆိုင်ရာ အားပေးကူညီမှုများ၊ ပူးပေါင်းကြံစည်မှုများ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော ပြစ်မှုများအပြင် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နိုင်ငံရေး သဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများဆိုသည့် စကားရပ်ကို နောက်ဆက်တွဲ(က)(၇)အဖြစ် အသစ်ထပ်မံ ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်

ချက်များနှင့်အတူ ကျန်အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။

**တရားခံလွှဲပြောင်းရေးဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂၃ ကို တင်ပြပါမယ်။

၂၃။ (က) တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတက အတည်ပြုလျှင် တရားခံလွှဲပြောင်းလက်ခံရေးနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြားစာပေးပို့ရမည်။

( င) တောင်းဆိုသည့် နိုင်ငံက ပုဒ်မခွဲ(ခ)အရ အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မှ ရက်ပေါင်း(၃၀)အတွင်း တရားခံလွှဲပြောင်းခြင်းကို လက်ခံနိုင်ခြင်းမရှိကြောင်း ခိုင်လုံသော အကြောင်းပြချက်ဖြင့် အကြောင်းကြားသည့်မှတစ်ပါး တောင်းဆိုခြင်းခံရသူကို ရက်ပေါင်း(၃၀)အတွင်း လွှဲပြောင်းလက်ခံခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ (ခ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃(ခ)(င)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ နောက်ဆက်တွဲ ဇယားပြင်ဆင်ချက်များကို တင်ပြမှာဖြစ်ပါတယ်။

နောက်ဆက်တွဲ(က) -

၁။ (ဋ) ဖြည့်စွက်ချက်၊ ပြစ်မှုပုဒ်မ(၃၇၆)မှုဒိမ်းမှု

(ဍ) အထက် အပိုဒ်ခွဲ(က) မှ (ည) အထိ ဖော်ပြထားသော ပြစ်မှုများဆိုင်ရာ အားပေး ကူညီမှုများ၊ ပူးပေါင်းကြံစည်မှုများ၊

နောက်ဆက်တွဲ (က) -

၇။ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နိုင်ငံရေး သဘောသဘာဝရှိသော ပြစ်မှုများဟု မမှတ်ယူရမည့် ပြစ်မှုများ၊

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နောက်ဆက်တွဲဇယား(က)၊ အပိုဒ် ၁ (ဋ)(ဍ)၊ အပိုဒ် ၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် နောက်ဆက်တွဲဇယား(က)၊ အပိုဒ် ၁ (ဋ)(ဍ)၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဂ)ကိုတော့ မလိုအပ်တဲ့အတွက် ပယ်ဖျက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　　။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း ဆက်လက် အတည်ပြုထားရှိသင့်တဲ့ ပုဒ်မ၊ ပုဒ်မခွဲများကို တင်ပြမှာဖြစ်ပါတယ်။

အခန်း(၁)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)မှ (ည) အထိ၊

အခန်း(၂)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ (က)(ခ)(ဂ)၊

အခန်း(၃)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ (က)မှ(ဈ)အထိ၊

အခန်း(၄)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)မှ(ဆ)အထိ၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က) မှ (ဇ) ၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊

အခန်း(၅)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က)(ခ)(ဂ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (က)မှ(ဏ)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က)မှ(စ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၃၊ အပိုဒ်ခွဲ (က)(ဂ)(ဃ)၊ အပိုဒ် ၂၄၊

အခန်း(၆)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ရဲ့ခြေဆင်း၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊

အခန်း(၇)၊　အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ ရဲ့ ခြေဆင်း၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ ရဲ့ခြေဆင်း၊ အပိုဒ် ၄၀၊ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊

နောက်ဆက်တွဲဇယားမှာ ဖော်ပြထားတဲ့-

အပိုဒ်ခွဲ(က)၊ အပိုဒ် ၁ ခြေဆင်း၊ အပိုဒ်ခွဲ (က)မှ (ည)၊

ပြောင်းလဲ အမှတ်စဉ်ထားတဲ့ -

အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ တို့ကို

ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော် က ဆက်လက် အတည် ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။　　　။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွား ကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ ၁၈-၅-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း အဆိုတင်သွင်းထားတဲ့ ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂၆)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ဝင်း တင်သွင်းခဲ့တဲ့ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းမှာ မျိုးဆက်ပွားကျန်းမာရေးကို မိတ်ဆက်သင်ကြားပေးဖို့ အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာဓလေ့တွေအရ မျိုးဆက်ပွားကိစ္စတွေကို မိဘဆွေမျိုးတွေက ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြပေးတာ မရှိကြတာက များပါတယ်။ အပေါင်းအသင်းမိတ်ဆွေ သူငယ်ချင်းတွေရဲ့ ကြိတ်ပုန်းပြောပြချက်တွေမှာ အယူအဆအမှန်ရော အလွဲအမှားများပါ ရောထွေးရရှိကြပါတယ်။ အရွယ်ရောက်ချိန်ဆန့်ကျင်ဘက် ကျား/မ အကြား သူငယ်ချင်းမိတ်ဆွေဖြစ်ခြင်း၊ ချစ်ကြိုက်ခြင်း၊ အိမ်ထောင်ကျခြင်း၊ သားသမီးမွေးဖွားခြင်းတွေမှာ သဘာဝအတိုင်း ဖြစ်ပေါ်ဖြတ်ကျော်ကြပါတယ်။

သို့ရာတွင် ယခုကာလမှာ မြို့ရော၊ တောပါ ပျံ့နှံ့နေတဲ့ တိုင်းတစ်ပါးယဉ်ကျေးမှု လူမှုဆက်ဆံရေးပုံစံ တီဗွီဇာတ်လမ်းတွေ၊ VCD ချပ်တွေ၊ လက်ကိုင်ဖုန်းနဲ့ အလွယ်တကူဝင်ရောက်နိုင်တဲ့ အင်တာနက်နေရာတွေ ကနေတစ်ဆင့် လူငယ်တွေရဲ့ လူမှုဆက်ဆံရေး အမူအကျင့်တွေကို များစွာလွှမ်းမိုးပြီး အကျင့်မှား၊ အတုယူမှုများတွေ များစွာ ပေါ်ပေါက်လာပါတယ်။ ဆိုးကျိုးအဖြစ် ဆယ်ကျော်သက်အရွယ်တွေ အိမ်ထောင်မကျမီ မမျှော်လင့်သော ကိုယ်ဝန်ရရှိခြင်း၊ မလိုချင်သောကိုယ်ဝန်ကို တရားမဝင် မကျွမ်းကျင်သူများနှင့် ဖျက်ချပြီး ရောဂါပိုးဝင်ခြင်း၊ သားအိမ်စုတ်ပေါက်ခြင်း၊ အသက်သေဆုံးသည်အထိ အန္တရာယ်ဖြစ်ခြင်း၊ မွေးပြီးမှ မွေးကင်းစကလေးငယ်ကို စွန့်ပစ်ခြင်း၊ HIV အပါအဝင် လိင်မှုကူးစက်ရောဂါများ ကူးစက်ခံရခြင်း၊ ဘဝတစ်ခုထူထောင်ရန် အသင့်မဖြစ်သေးဘဲ ဆယ်ကျော်သက်အရွယ် စောစီးစွာ အိမ်ထောင်ကျခြင်း စတဲ့ ဆိုးကျိုးတွေကို ဖြစ်ပေါ်လာနေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးဆက်ပွားကျန်းမာရေးပညာပေးသင်ကြားရာမှာ ကျား/မ ကိုယ်ခန္ဓာအစိတ်အပိုင်း ကွဲပြားခြားနားမှု၊ အရွယ်ရောက်ချိန် အပြောင်းအလဲတွေ၊ လစဉ်ဓမ္မတာဖြစ်ပေါ်ခြင်းရဲ့ အခြေခံဖြစ်စဉ်တွေ၊ သားဦးကြွေခြင်းနဲ့ မျိုးပွားမှုဖြစ်စဉ်၊ သန္ဓေတည် ကိုယ်ဝန်ရရှိခြင်း၊ သန္ဓေတားခြင်း၊ HIV အပါအဝင် လိင်မှုကူးစက်ရောဂါများ အကြောင်းနဲ့ ကာကွယ်ခြင်းနည်းများ၊ ကိုယ်ဝန်စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားခြင်းစတဲ့ အသိပညာအချက်အလက်များ သင်ကြားဆွေးနွေးခြင်းသာမကဘဲ မိသားစုတန်ဖိုးနဲ့ လူမှုဆက်ဆံရေး၊ ဆန့်ကျင်ဘက်လိင်နဲ့ လူမှုဆက်ဆံရေး၊ ချစ်သူရည်းစားအဆင့်ဆက်ဆံရေး၊ မိမိကိုယ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေထိုင်တတ်ရေးစတဲ့ ခံယူချက်သဘောထားတွေကိုပါ အသက်အရွယ် အတန်းအလိုက်ဆွေးနွေးပညာပေးဖို့လိုအပ်ပါတယ်။ ဦးဆောင်သင်ကြားဆွေးနွေးရမယ့်ဆရာများကို စနစ်တကျ လေ့ကျင့်ပြင်ဆင်ပေးဖို့လည်း အရေးကြီးလှပါတယ်။ ဒီလိုသိရှိကြမှသာ လူငယ်များအနေနဲ့ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်မှာ၊ မလိုလားအပ်တဲ့ဆိုးကျိုးတွေကို ကာကွယ်နိုင်မှာ ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးဆက်ပွားကျန်းမာရေးကို အနောက်တိုင်းနိုင်ငံတွေမှာ ကျောင်းတွေမှာ သင်ကြားဆွေးနွေး ပညာပေးနေကြပြီး အိမ်နီးချင်း အာရှနိုင်ငံတွေ အတော်

များများမှာလည်း သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းသင်ကြားနေကြပြီ ဖြစ်ပါတယ်။ ရှေးရိုးစွဲအယူအဆအတွေးအခေါ် လွှမ်းမိုးတဲ့ အရှေ့တိုင်းနိုင်ငံတချို့မှာ မျိုးဆက်ပွား ကျန်းမာရေး ဆွေးနွေးသင်ကြားမှုကို လူငယ်တွေ လိင်ကိစ္စကို ပိုမိုစိတ်ဝင်စားစေတယ်၊ အိမ်ထောင်မကျမီဆက်ဆံမှု စသည်ကို လှုံ့ဆော်စေတယ်လို့ယူဆပြီး သဘောမတူသူတွေလည်း ရှိပါတယ်။ လူငယ်တွေရဲ့ဘဝဖြစ်စဉ်၊ အရွယ်ရောက်မှု၊ သွေးသားပြောင်းလဲမှု၊ ဆန့်ကျင်ဘက်ကို စိတ်ဝင်စားမှု၊ ပေါင်းဖက်ဆက်ဆံမှုတွေကတော့ သဘာဝအတိုင်း ဖြစ်ပေါ်နေမှာပဲ ဖြစ်ပါတယ်။ ပညာရေးမူဝါဒပြောင်းလဲမှုမှာ ဘဝအတွက် လက်တွေ့အသုံးကျမယ့် ကိုယ်တိုင်ဝေဖန်ဆုံးဖြတ်နိုင်တဲ့ အရည်အသွေးတွေ၊ ပြုစုပျိုးထောင်သင်ကြားပေးဖို့ ပါဝင်ပါတယ်။ ဒါကြောင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာကို အလယ်တန်း၊ အထက်တန်း သင်ရိုးများမှာ အသက်အရွယ် အတန်းအလိုက် စနစ်တကျ သင်ကြားပေးသင့်ကြောင်း ထောက်ခံဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်ရှိ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ကြွရောက်လာကြသူများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ရှိ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းတွေမှာ သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ်အခန်းမှာ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံသာမကဘဲ လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်းဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ မျိုးဆက်ပွားကျန်းမာရေးတော့ သိပ်မသိပါဘူး။ အဲဒါကြောင့် မဆွေးနွေးပါဘူး။ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီကို အဓိက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ပြည်သူ့နီတိ သင်ဖူးပါတယ် ကျောင်းတွေမှာ။ ပြည်သူ့နီတိ ကျွန်တော်တို့ လူငယ်တွေဟာ လူကြီးတွေကို လေးစားရမယ်၊ အချင်းချင်း အားနည်းသူကို ကူညီရမယ်၊ ရိုင်းပင်းကူညီရမယ်၊ မကောင်းတာမလုပ်ရဘူး။ မဟုတ်တာ မမှန်တာ မပြောရဘူး စတဲ့ လောကနီတိကို အခြေခံတဲ့ ကျင့်ဝတ်တွေ၊ အားနည်းသူကို ကူညီရမယ်၊ အရေးကြီးတဲ့ ကျင့်ဝတ်တွေကို ကျွန်တော်တို့ လိုက်နာကြရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အခုခေတ်လို လူငယ်တစ်ယောက်ကို လူ(၃၀)လောက်၊ လူ(၂၀)လောက်က ဝိုင်းရိုက်သတ်တဲ့ အဖြစ်မျိုးတွေ၊ မကြားဝံ့ မနာသာ ဒုစရိုက်တွေ၊ လူငယ်တွေကျူးလွန်တဲ့ ဒုစရိုက်မျိုးတွေ အင်မတန်နည်းပါတယ်။ လူငယ်အချင်းချင်းရန်ဖြစ်ရင်တောင်မှ ဒါ တစ်ယောက်ချင်းပဲ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် Fair Fight ပဲ လက်ချင်းချတယ်။ လက်မပါတဲ့ လူကို တုတ်နဲ့

ဓားနဲ့ မရိုက်ဘူး၊ မထိုးဘူး၊ မခုတ်ဘူး၊ ဒီလိုစိတ်ဓာတ်တွေ ကျင့်ဝတ်တွေရှိခဲ့တယ်။ အဲဒါက ပြည်သူ့နီတိ သင်ခဲ့တဲ့ ကျေးဇူးလို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့် ပြည်သူ့နီတိကိုလည်း ကျောင်းတွေမှာ မလွဲမသွေ သင်ဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

နောက်တစ်ခုကတော့ ဒီမိုကရေစီပါ။ ဒီမိုကရေစီဟာ လွန်စွာအရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဒီနေ့ ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေတဲ့နိုင်ငံပါ။ အဲဒီတော့ ဒီမိုကရေစီအခြေခိုင်ဖို့ အခြေခံအုတ်မြစ်ခိုင်မာဖို့အတွက် ဒီကနေ့ လူငယ်တွေအားလုံး ဒီမိုကရေစီကျင့်ဝတ်တွေ၊ ဒီမိုကရေစီ ယဉ်ကျေးမှုတွေကို နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီ ဆိုသည်မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စတာတွေတွင် သာမကဘဲနဲ့ သူတစ်ပါးရဲ့ဆန္ဒကို ကျွန်တော်တို့ လေးစားရမယ်၊ သူတစ်ပါးရဲ့ လွတ်လပ်ခွင့်ကို မစော်ကားရဘူး၊ မထိခိုက်ရဘူးဆိုတဲ့ ကျင့်ဝတ်တွေကိုပါ ကျွန်တော်တို့ လူငယ်တွေ ဒီနေ့အချိန်ကစပြီး နားလည်ဖို့လိုပါတယ်။

ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ စာပေ လွတ်လပ်ခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်ဟာ လွန်စွာ အရေးကြီးပါတယ်။ ဒီမိုကရေစီနိုင်ငံတည်ဆောက်တဲ့နေရာမှာ။ ကျွန်တော်တို့ စာပေလွတ်လပ်ခွင့်နဲ့ မီဒီယာလွတ်လပ်ခွင့်ကို ချုပ်ချယ်လို့မဖြစ်ပါဘူး။ စာပေ လွတ်လပ်ခွင့်ဟာ လူငယ်တွေကို အသိပညာပေးရာမှာ လွန်စွာမှ ကျွန်တော်တို့ အရေးကြီးပြီးတော့ ထိရောက်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ အဲဒီတော့ စာအုပ်စာပေ လူ့မိတ်ဆွေဆိုတဲ့အတိုင်းပဲ စာရေးဆရာ တွေက တစ်လျှောက်လုံးမှာ အာဏာရှင်တွေကို တိုက်ခိုက်နေရာမှာ စာရေးဆရာတွေ မီဒီယာတွေက ပါခဲ့တယ်။ နိုင်ငံတကာမှာဖြစ်ဖြစ်၊ ကျွန်တော်တို့နိုင်ငံမှာဖြစ်ဖြစ်၊ ဘယ်လိုနေရာတွေမှာမဆို၊ ဘယ်ဒေသ တွေမှာမဆို လုံးဝကို ဒီမိုကရေစီမိုးမှောင်ကျတဲ့ အချိန်တွေမှာတောင်မှ ကျွန်တော်တို့ စာရေးဆရာတွေ၊ မီဒီယာတွေဟာ စာပေလွတ်လပ်ခွင့် ရှုထောင့်လက်နက်နဲ့၊ ကလောင်လက်နက်နဲ့ ကျွန်တော်တို့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ခဲ့ကြပါတယ်။ အများကြီးလည်း အဖမ်းခံရတယ်၊ အသေခံခဲ့ရပါတယ်။

အဲဒီတော့ စာပေလွတ်လပ်ခွင့်နဲ့ မီဒီယာလွတ်လပ်ခွင့်က လူငယ်ဘဝကတည်းက လွန်စွာ လေးစားလိုက်နာကြဖို့ အရေးကြီးတဲ့အတွက် ကျွန်တော် ဒါကို ထည့်ပြောခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ကြုံလို့ပြောရရင်တော့ အမေရိကန် စာရေးဆရာကြီး လစ်ပ်မန်က ပြောခဲ့ဖူးပါတယ်။ လူတွေ အားလုံးဟာ အတွေးအခေါ်တစ်ခုတည်းရှိနေလို့ရှိရင် အဲဒီလူတွေထဲမှာ တစ်ယောက်မှ အတွေးအခေါ် မရှိလို့ဘဲဖြစ်လိမ့်မယ်လို့ ပြောခဲ့ပါတယ်။ အဲဒီတော့ အတွေးအခေါ်တို့၊ ယုံကြည်မှုတို့ဆိုတာကို ရိုက်သွင်း လို့မရပါဘူး။ Dictate လုပ်လို့မရပါဘူး။ စာရေးဆရာတွေကလည်း လွတ်လပ်စွာ ရေးသားရမှာပဲ။ ကျွန်တော်တို့ အဲဒီထဲကမှ မှန်တာကို ယူရမှာပဲ။ အဲဒီတော့ အာဏာရှင်တွေက စာပေလွတ်လပ်ခွင့်ကို ထိပါးခဲ့တဲ့ အာဏာရှင်ပေါင်းများစွာဟာ နိဂုံးချုပ်မကောင်းဘဲ၊ အဆုံးသတ်မကောင်းဘဲနဲ့ ကျဆုံးခဲ့ရ တာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ နိုင်ငံရေးသမားဆိုရင်လည်း စာပေ လွတ်လပ်ခွင့်၊ မီဒီယာလွတ်လပ်ခွင့်တွေကို ထိပါးခဲ့ရင် အဲဒီနိုင်ငံရေးသမားက နိုင်ငံရေးပါရာဇိကံ ကျတယ်ပဲ ဆိုရမှာပါ။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ စာပေလွတ်လပ်ခွင့်နဲ့ မီဒီယာလွတ်လပ်ခွင့်ကို တော့ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီကို ဆက်လက်လျှောက်လှမ်းချင်တယ်ဆိုလို့ရှိရင် လုံးဝ

ကျွန်တော်တို့လွတ်လပ်ခွင့်ပေးဖို့လိုတယ်၊ ပြုစုပျိုးထောင်ဖို့လိုတယ်။ ဒီနေ့ဆိုလို့ရှိရင် ကျွန်တော်တို့ဟာ စာဖတ်တဲ့သူတောင် အင်မတန်နည်းပါးနေပါတယ်။

အဲဒီတော့ အဲဒီအချိန်မှာ ဒါတွေကို ယခင်ခေတ်တွေကထက်ပိုပြီးတော့ လွတ်လပ်ခွင့်တွေ ပေးမယ်ဆိုရင် ကျွန်တော်တို့ တည်ဆောက်နေတဲ့ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ဖြောင့်ဖြူးမယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးဟာ လုံးဝအောင်မြင်မယ်လို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ အဲဒီတော့ အဲဒီလိုပြောရင်းနဲ့ပဲ ကျွန်တော် ဒေါက်တာဒေါ်တင်တင်ဝင်းရဲ့ အဆိုကို လုံးဝထောက်ခံကြောင်းပြောရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဗိုလ်မှူးသိန်းလွင်ဌေး၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီး မိမိရဲ့ လေ့လာတွေ့ရှိချက်များနဲ့အတူ အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကာလမှာ လူမှုကွန်ရက် (Social Media) များကို တွင်ကျယ်စွာ အသုံးပြုလာကြပါတယ်။ Social Media များပေါ်ရှိ ညစ်ညမ်းစာပေ၊ ဗွီဒီယို၊ ရုပ်ပုံများကြောင့် ကလေးသူငယ်များအနေနဲ့ အရွယ်မရောက်မီ အိမ်ထောင်သားမွေးပြုခြင်းကြောင့် လူမှုရေးပြဿနာများမှ အစပြု၍ အမျိုးမျိုးသော ပြဿနာများကို ရင်ဆိုင်ကြုံတွေ့ကြကြောင်း ကြားသိနေကြမှာ ဖြစ်ပါတယ်။ အဆိုပါပြဿနာများကို ကာကွယ်ရန်အတွက် Social Media များပေါ်မှာ လိင်မှုဆိုင်ရာလှုံ့ဆော်မှုများကို ထိန်းသိမ်းစောင့်ကြည့် အရေးယူမှုများပြုလုပ်ရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သော မျိုးဆက်ပွားကျန်းမာရေးဘာသာရပ်နှင့် ပတ်သက်၍ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်တို့၏ တွဲဖက် သင်ရိုးဝင်ဘာသာရပ် တစ်ခု ဖြစ်သော ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်၌ ပဉ္စမတန်းမှ ဒသမတန်းအထိ တန်းစဉ်ထည့်သွင်း ပြဋ္ဌာန်းထားတာကို တင်ပြပါအတိုင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြသည်ကို ကြည့်ခြင်းအားဖြင့် မျိုးဆက်ပွားကျန်းမာရေးနှင့် စပ်ဆိုင်သော သင်ခန်းစာများမှာ လိင်မှုကိစ္စရေးရာများ ပါဝင်နေတာကို တွေ့ရှိရပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ အနောက်နိုင်ငံများရဲ့ ယဉ်ကျေးမှုနဲ့ မတူတာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။ (၁၈)နှစ်အောက် အလယ်တန်း၊ အထက်တန်းအဆင့်လူငယ်များဟာ မိဘအုပ်ထိန်းမှုအောက်မှာ သာရှိပြီး

လိုင်မှုကိစ္စနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို မိဘအုပ်ထိန်းသူတွေက ညင်သာစွာ သင်ကြား ပေးလျက်ရှိပါတယ်။ ဖော်ပြပါသင်ခန်းစာအချို့မှာ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် မကိုက်ညီမှုများကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ထို့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို အကြံပြုလိုသည်မှာ ၎င်းသင်ခန်းစာများအား ဆွေးနွေးပို့ချရာတွင် ကျောင်းသား၊ ကျောင်းသူများကို ကျား/မအုပ်စုခွဲ၍ သီးခြားဆွေးနွေးစေရန်လိုအပ်သကဲ့သို့ ၎င်းအကြောင်းအရာနဲ့ပတ်သက်၍ ဘာသာရပ်ကို အမှန်တကယ် ကျွမ်းကျင်သူ ဆရာ/ဆရာမများဖြင့် ဆွေးနွေးစေမှသာ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေး အသိရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်ပါက ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်ကြောင့်လေး ဆိုရိုးစကားလို အကျိုးမရှိမယ့်အပြင် ကျောင်းသား၊ ကျောင်းသူများကို လိင်စိတ်နိုးကြားစေရန် နှိုးဆော် ပေးသကဲ့သို့ ဖြစ်မှာကို သတိပြုစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဒုတိယတိုက်တွန်းမှုအချက်ဖြစ်တဲ့ ဒီမိုကရေစီအသိ၊ ဒီမိုကရေစီ စိတ်ဓာတ်ကို ငယ်စဉ်ကပင် သိရှိနားလည်အောင် သင်ကြားပေးစေလိုခြင်းဆိုတဲ့အချက်အား ဆွေးနွေး တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၇၊ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟူ၍ ပြဋ္ဌာန်း ထားရှိပါတယ်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အဆိုရှင်တင်ပြသကဲ့သို့ လွတ်လပ်စွာ ပြောဆို လုပ်ကိုင် ရေးသားခွင့် ဟူသော ဒီမိုကရေစီအခွင့်အရေးများနှင့်အတူ မိမိပြောဆို လုပ်ကိုင် ရေးသားမှုများကို တာဝန်ယူမှု၊ တာဝန်ခံမှု ဟူသော ဒီမိုကရေစီကျင့်စဉ်များကိုလည်း သိရှိလိုက်နာ ကျင့်သုံးရမှာ ဖြစ်ပါတယ်။ အကြံပြုလိုသည်မှာ ဒီမိုကရေစီကျင့်စဉ်များပါဝင်လာမယ့် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ပြဋ္ဌာန်းချိန်မှာ တာဝန်သိမှု၊ တာဝန် ရှိမှု၊ တာဝန်ယူမှုရှိသော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်စဉ်များကို လေ့ကျင့်သင်ကြားပေးမယ့် ဆရာ၊ ဆရာမများကို စနစ်တကျ ရွေးချယ်လေ့ကျင့်သင်ကြားစေပြီး စီမံဆောင်ရွက်ပေးရန် တိုက်တွန်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ တိုက်တွန်းမှု နောက်ဆုံးအချက်ဖြစ်တဲ့ ပြည့်သူ့နီတိကို အခြေခံပညာကျောင်းများနဲ့ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်များရဲ့ သင်ရိုးညွှန်းတမ်းများမှာ ထည့်သွင်းရေးဆွဲရေး၊ သင်ကြားရေးမှာ ပိုမိုအရေးကြီးတယ်လို့ ယူဆမိပါတယ်။ အနာဂတ်ကာလများ တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမယ့် လူငယ်၊ လူရွယ်များဟာ တိုင်းပြည်ရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါလျက်ရှိနေပါတယ်။ လူငယ်များဟာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံရန်လိုအပ်ပါတယ်။ ဘဝရဲ့ တန်ဖိုးကို တိုင်းတာရာမှာ စာရိတ္တဆိုတဲ့ ကိုယ်ကျင့်တရားကောင်းမွန်မှုမှာလည်း အဓိကကျတဲ့ စံနှုန်းတစ်ခုပင် ဖြစ်ပါတယ်။ လူငယ်ဟူသည် တတ်ကြွခြင်း၊ ဖျတ်လတ်ခြင်းနဲ့ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်ခြင်း ဆိုတဲ့ နုပျိုလန်းဆန်းမှုများနဲ့ ပြည့်စုံနေသူများဖြစ်ကြရာ ငယ်ရွယ်နုပျိုတဲ့ လူငယ်များအတွက် မှားယွင်း သော အတွေးအခေါ်များနဲ့ လက်တွေ့စူးစမ်းမှုများဟာ ပန်းကောင်းအညွန့်ကျိုး မိမိဘဝအတွက် နစ်မွန်း မှုများ ဖြစ်ပေါ်ရုံသာမက နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်း

အမြစ်များလည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် မည်သည့်အရာမဆို အသိတရားလက်ကိုင်ထားပြီး မိဘဆရာသမားများရဲ့ သွန်သင်ဆုံးမမှုများကို မှတ်သားနာယူလိုစိတ်ရှိရန်လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းများကို လေ့လာကြည့်ရာ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ဟာ အခြေခံပညာမူလတန်းအဆင့်တွင် သင်ရိုးဝင်ဘာသာရပ်အဖြစ်လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ်လည်းကောင်း ပြဋ္ဌာန်းသင်ကြားသင်ယူလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ယခုနှစ်မှာတော့ ပထမတန်းကို သင်ရိုးသစ်နဲ့ စတင်မှာဖြစ်ကြောင်း သိရပါတယ်။ ပထမတန်းသင်ရိုးသစ်မှာ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို သင်ခန်းစာများပြောင်းလဲပြီး သင်ရိုးဝင်ဘာသာရပ်အဖြစ် ထပ်မံပြဋ္ဌာန်းခဲ့ကြောင်း သိရှိရပါတယ်။ သင်ကြားသင်ယူမှုအချိန်ကိုလည်း ယခင် (၃၆)ကြိမ်မှ (၇၂)ကြိမ်ထိ တိုးမြှင့်ခဲ့ကြောင်း တွေ့ရှိရတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ ၎င်းဘာသာရပ်ကို ပိုမိုအလေးထားလာတာကို တွေ့မြင်ရပါတယ်။ သို့ရာတွင် ယခင်သင်ရိုးဟောင်းမှာပါရှိတဲ့ ဇာတိမာန်နဲ့ မျိုးချစ်စိတ်ဟူသော သင်ခန်းစာပါဝင်လာခြင်းမရှိတာကို တွေ့ရှိရတဲ့အတွက် နိုင်ငံ၊ လူမျိုး၊ ဘာသာနဲ့ သာသနာတို့ကို စောင့်ရှောက်ရန်အတွက် ပခုံးပြောင်းတာဝန်ယူရမယ့် လူငယ်များမှာ ရှိရန်လိုအပ်တဲ့ ဇာတိမာန်နဲ့ မျိုးချစ်စိတ်ရှင်သန်ထက်မြက်အောင် လေ့ကျင့်ပေးဖို့လိုအပ်ကြောင်း ပြန်လည်စဥ်းစားသုံးသပ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ တွင် နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပြီး လူငယ်များ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှင်သန် ထက်မြက်စေမယ့် သင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်များမှပင် ထည့်သွင်းပေးစေလိုကြောင်း တိုက်တွန်းအကြံပြုပါတယ်။ ၎င်းအပြင် အနာဂတ်ကာလများ၌ အတန်းစဥ်အလိုက် ဘာသာရပ်သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ဖြည့်စွက်ရန်ရှိလာပါက ပြည်သူ့နီတိဘာသာရပ်များတွင် မြန်မာ့ယဥ်ကျေးမှု ဓလေ့စရိုက်များနှင့် ကိုက်ညီသော နီတိလမ်းညွှန်များသာ ပြဋ္ဌာန်းပေးနိုင်ပါရန် အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် အဆိုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုတင်ပြလိုသည်မှာ မျိုးဆက်ပွားကျန်းမာရေးနှင့် ဆက်စပ်သော ဘာသာရပ်သင်ခန်းစာများမှာ လိင်မှုရေးရာကိစ္စများပါရှိနေပြီး မြန်မာ့ယဥ်ကျေးမှု လူ့အဖွဲ့အစည်း၊ ဓလေ့စရိုက်နှင့် အံဝင်မှုမရှိသောကြောင့် ၎င်းသင်ခန်းစာများကို ဆွေးနွေးပို့ချရာတွင် ကျောင်းသား၊ ကျောင်းသူများကို ကျား/မ အုပ်စုခွဲ၍ သီးခြားဆွေးနွေးစေရန် လိုအပ်သကဲ့သို့ ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ ဘာသာရပ်ကို အမှန်တကယ် ကျွမ်းကျင်သူ ဆရာ၊ ဆရာမများဖြင့်သာ ဆွေးနွေးစေမှသာ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေး အသိရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အနာဂတ်ကာလများ၌ တန်းစဥ်လိုက် ဘာသာရပ်သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ဖြည့်စွက်ရန်ရှိလာပါက ပြည်သူ့နီတိဘာသာရပ်များတွင် လူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် သင်ခန်းစာများ ထည့်သွင်းပြဋ္ဌာန်းပေးပါရန်နှင့် မြန်မာ့

ယဥ်ကျေးမှု ဓလေ့စရိုက်များနှင့် ကိုက်ညီသော နီတိလမ်းညွှန်များသာ ပြဋ္ဌာန်းပေးနိုင်ပါရန် အကြံပြု တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်လွီးဇာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းအတွက် အထွေထွေ ဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး"၊ "ပြည်သူ့နီတိ"၊ "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များ အဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဆွေးနွေးလိုတာကတော့ "ဒီမိုကရေစီ"နှင့် "ပြည်သူ့နီတိ" အကြောင်းကို အကြံပြုဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခင်အစိုးရများ၏ စကားတစ်ခုရှိခဲ့ပါတယ်။ အဲဒီစကားကတော့ ကာလ၊ ဒေသ၊ ပယောဂအခြေအနေနဲ့ လိုက်လျောညီထွေစွာ နေထိုင်ကျင့်ကြံတတ်ကြရမယ် ဆိုတဲ့စကားပါပဲ။ ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ အဲဒီရာသီဥတုနဲ့ လိုက်လျောညီထွေမယ့် ဝတ်စားဆင်ယင်မှုများကို ပြောင်းလဲဝတ်ဆင်ရမှာဖြစ်သကဲ့သို့ ခေတ်တစ်ခေတ်၊ စနစ်တစ်ခုနဲ့ လိုက်လျောညီထွေမယ့် အတွေးအခေါ် အယူအဆတွေကို အလိုက်သင့် လိုက်ပါပြောင်းလဲဖို့ အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံရဲ့ ခေတ်စနစ်ကို ပြန်လည်သုံးသပ်မယ်ဆိုရင် မြေရှင်ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်၊ ပါလီမန်ဒီမိုကရေစီစနစ်၊ တစ်ပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ် စတာတွေကို ဖြတ်သန်းလာခဲ့ပြီး ယခုအခါ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီပန်းတိုင်ကို ချီတက်နေတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီဆိုတာ ဘာလဲ (ပြည်သူလူထုအုပ်ချုပ်ခြင်း)။ ဒီမိုကရေစီဘယ်ကလာသလဲ။ ဘယ်ကိုသွားမလဲ။ လုပ်ထုံးလုပ်နည်းက ဘာလဲဆိုတာတွေကို သိရှိနားလည်ရမှာဖြစ်ပြီး နားလည်သလိုလည်း လိုက်ပြီး လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်ပြီး ပြည်သူ့နီတိ အခန်းကဏ္ဍကို အနည်းငယ် အကြံပြုဆွေးနွေးလိုပါတယ်။ လူ့ဘောင်အဖွဲ့အစည်းတစ်ခုမှာ လူ့ယဉ်ကျေးမှုဆိုတာ အထူးလိုအပ်လှပါတယ်။ အထူးသဖြင့် စနစ်တစ်ခုနဲ့ ပန်းတိုင်တစ်ခုစီသို့ ချီတက်တဲ့နေရာမှာ အဲဒီစနစ်နဲ့ လိုက်လျောညီထွေမယ့် လူ့ယဉ်ကျေးမှု လိုအပ်လာမှာပဲ ဖြစ်ပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်လို့ မစ္ဆေရိယစိတ်ရှိခြင်း၊ စိုးရိမ်စိတ်ကြီးခြင်း၊ သံသယစိတ်ပွားများခြင်း၊ အာဃာတစိတ်ထားခြင်းတို့ဟာ ဆင်ခြင်ရမယ့် စိတ်ပိုင်းဆိုင်ရာများဖြစ်ပါတယ်။ မာန်မာန မထောင်လွှားခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ တည်ငြိမ်ရင့်ကျက်ခြင်းတို့နဲ့ စိတ်ဓာတ်ကျဆင်းခြင်းမရှိစေဘဲ စိတ်ဓာတ်ကိုမြှင့်တင်ပေးမယ့် အတွေးအခေါ် အယူအဆများကို သင်ကြားပို့ချပေးရုံသာမက လိုက်နာကျင့်သုံးစေဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ မတူညီကွဲပြားသော လူမျိုး၊ ဘာသာ၊ ဒေသ စတာတွေကို ရှေ့တန်းမတင်ဘဲ တူညီသော လူသားများဖြစ်သည်ကို သတိပြုကြရန် လိုအပ်မည်ဖြစ်ပါတယ်။ သူငယ်ချင်းဟု အချင်းချင်း ခေါ်ဆိုကြသောကြောင့် သူငယ်ချင်းရဲ့အဓိပ္ပာယ်ကို လေးနက်စွာသိနေဖို့ အရေးကြီးပါတယ်။ သူငယ်ချင်းဆိုတာ ကာလ လရေကြည်သုတ်ရည်ဘဝက အမိရဲ့ဝမ်းဗိုက်ထဲသားအိမ်အတွင်းမှာ လူရယ်လို့ စတင်ဖြစ်လာကြသူအချင်းချင်းမိုလို့ သူငယ်ချင်းလို့ခေါ်ကြပါတယ်။ သူငယ်ချင်းဖြစ်ကြတဲ့အတွက် ကိုယ်ချင်းစာတရား ထားကြရမှာဖြစ်ပါတယ်။ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းမှာ မင်းမရှိဖြစ်တယ်၊ ငါမရှိရင်ဖြစ်တယ်ဆိုတာထက် ငါမပါရင်မဖြစ်ဘူး၊ ငါတစ်ယောက်ထဲလည်းမဖြစ်ဘူး၊ အားလုံးပါဝင်မှ ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်ကို အစားထိုးကြရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် အဆိုရှင်ဖြစ်သော ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ရဲ့ မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ကြားပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံ

ဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက် အကြံပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်း ဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က Quality Education နဲ့ ပတ်သက်ပြီးတော့ မျိုးဆက်သစ်တွေအနေနဲ့ တတ်သိတတ်အပ်တဲ့ ဘာသာရပ်သုံးမျိုးကို စာသင်ကျောင်း တွေမှာ စတင်ပို့ချပေးပါဆိုတဲ့ ဒီနေ့ပညာရေးလောကမှာ အမှန်တကယ်လိုအပ်နေတဲ့ ပညာရေး အဆို တစ်ခုကို တင်သွင်းသွားတာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းမှာ ဖော်ပြထား တဲ့ မဟာဗျူဟာမြောက် အပြောင်းအလဲ(၉)ခုအနက်က နံပါတ်(၆)ဖြစ်တဲ့ ကျောင်းပြင်ပနဲ့ တစ်သက်တာ ပညာရေးဆိုတဲ့ ရည်မှန်းချက်ခေါင်းစဉ်နဲ့ တစ်ထပ်တည်းကျတယ်ဆိုတဲ့အကြောင်းကို ကျွန်တော် ကနဦး ပြောလိုပါတယ်။ ဒီလိုပြောရတဲ့ အကြောင်းအရင်းက ဘာကြောင့်လဲဆိုတော့ ဒီဘာသာရပ်သုံးခု မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီရေးရာ စသည့်ဘာသာရပ် သုံးရပ်ကို တတ်သိ နားလည်သွားကြမယ့် ကျောင်းသူ၊ ကျောင်းသား ကလေးများဟာ သူတို့ရဲ့ဘဝတစ်သက်တာမှာ ကျန်းကျန်းမာမာနဲ့ နေထိုင်သွားနိုင်ကြမယ်။ ယဉ်ယဉ်ကျေးကျေး ပြုမူပြောဆို နေနိုင်သွားနိုင်ကြမယ်။ နိုင်ငံရေးနဲ့ ပတ်သက် လာရင်လည်းပဲ တည်တည်တံ့တံ့နဲ့ အတွေးအခေါ်တွေကို ရရှိပိုင်ဆိုင်သွားကြမှာ သေချာတဲ့အတွက် ကျွန်တော် ဒီလိုပြောရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးအချက်ဖြစ်တဲ့ မျိုးဆက်ပွားကျန်းမာရေးကဏ္ဍကတော့ ကျွန်တော့်ရှေ့မှာ ဆွေးနွေးသွားကြတဲ့ အထူးကုဆရာဝန်ကြီးတွေပါတဲ့အပြင် ကျွန်တော့်နောက်မှာလည်းပဲ ဆရာဝန်ကြီးတွေ ဆွေးနွေးကြဦးမှာဖြစ်တဲ့အတွက် ကျွန်တော် ဒီကဏ္ဍကိုချန်လှပ်ပြီးတော့ ကဏ္ဍနှစ်ခု ကိုပဲ ဆွေးနွေးသွားမယ်လို့ လေးစားစွာ ကြိုတင်အသိပေးအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယ ကဏ္ဍဖြစ်တဲ့ ပြည်သူ့နီတိဟာ ဒီဘာသာရပ်က အများနဲ့ပတ်သက်ပြီးတော့ လောကကြီးထဲမှာ ဘယ်လို ယဉ်ယဉ်ကျေးကျေးနေနိုင်ရမယ်ဆိုတာကို သင်ပြတဲ့ဘာသာရပ် ဖြစ်ပါတယ်။ ဒီနေ့မျိုးဆက်သစ်တွေ တတ်သိတတ်အပ်တဲ့ ပညာရပ်တစ်ခုလည်းဖြစ်တယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝက၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀) ပြည်သူ့နီတိဘာသာရပ်ကို ကျွန်တော်တို့ ဘာသာရပ်တစ်ရပ်အနေနဲ့ အထူးသင်ခဲ့ရပါတယ်။ ဒီဘာသာရပ်က ၁၉၆၂ ခုနှစ်နောက်ပိုင်း ပညာရေး စနစ်သစ် ပြောင်းသွားတဲ့အခါမှာ ဒီဘာသာရပ်က သင်ရိုးညွှန်းတမ်းထဲမှာ မပါခဲ့တော့ပါဘူး။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်၊ ငါးခု၊ ခြောက်ခုလောက်က ပညာရေး ကဏ္ဍမှာ အမှန်တကယ်လိုအပ်တဲ့အတွက် ကလေးသူငယ်တွေကို ဘာတွေသင်ခဲ့လဲဆိုတော့ ကျောင်း၌ ယဉ်ကျေးခြင်း၊ အိမ်၌ယဉ်ကျေးခြင်း၊ အစား စားရာ၌ယဉ်ကျေးခြင်း၊ ခရီးသွားရာ၌ ယဉ်ကျေးခြင်း စသဖြင့် ယဉ်ကျေးခြင်းခေါင်းစဉ်တွေနဲ့ နေရာဒေသအမျိုးမျိုးမှာ ယဉ်ကျေးအောင် နည်းလမ်းတွေကို ပညာရေး ဌာနက သင်ကြားခဲ့တာဖြစ်ပါတယ်။ သို့သော် ဒီနေ့ ကျွန်တော်တို့ရဲ့ တူတွေ၊ သားတွေ၊ မြေးတွေ၊ ဒီဘာသာရပ်ကို မကြားဖူးတော့ပါဘူး။ ဒီလိုမကြားဖူးတဲ့ကိစ္စမှာ မကြားဖူးတဲ့အတိုင်း ရပ်တန့်နေရင် ပြဿနာမဟုတ်ဘူး။ သို့သော် ဒီနေ့ဒီအချိန်မှာ အချို့အချို့သော မျိုးဆက်သစ်လူငယ်တွေဟာ ပန်းခြံတွေ ထဲမှာ၊ ဘုရားကျောင်းကန် ပရဝုဏ်တွေထဲမှာ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ ခရီးသွား ကားတွေ၊ ရထားတွေပေါ်မှာ ဟီရိဩတ္တပ္ပတရားနဲ့ကင်းတဲ့ အပြုအမူ အပြောအဆို ဒါမျိုးတွေလုပ်နေ တာ မကြာခဏတွေ့နေရပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုတော့ ဒီကလေးတွေဟာ ကျွန်တော် အခု တင်ပြခဲ့တဲ့ ပြည်သူ့နီတိဆိုတဲ့ဘာသာရပ်ကို မသင်ကြားခဲ့ကြလို့ပဲ ဖြစ်တယ်ဆိုတဲ့ ကောက်ချက်ကို ချလို့ ရပါတယ်။ ဒါ့ကြောင့်မို့ အဆိုရှင်တင်ထားတဲ့ ပြည်သူ့နီတိ ဘာသာရပ်သည်လည်းပဲ ကျောင်းတွေမှာ ဒီအချိန်ကစပြီးတော့ မိတ်ဆက်သင်ကြားပေးဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ကျွန်တော် ထောက်ခံပါ တယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအချက်ဖြစ်တဲ့ ဒီမိုကရေစီရေးကိစ္စမှာ ဒီဘာသာရပ်ဟာ ကျောင်းသူ၊ ကျောင်းသားတွေကို မိတ်ဆက်သင်ကြားပေးဖို့ ဒီအချိန်မှာ တကယ်တမ်းလိုအပ်နေပါပြီ။ ကျွန်တော်တို့ ၁၉၄၈ ခုနှစ်က ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်ရေးရတဲ့ အချိန်က စပြီးတော့ ဒီမိုကရေစီစနစ်နဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးကို စတင်ခဲ့တာ ဖြစ်တယ်။ အကယ်၍ အဲဒီအချိန်ကစပြီးတော့ ဒီနေ့အထိ ဒီမိုကရေစီဝါဒနဲ့သာ စနစ်နဲ့သာ တောက်လျှောက် ခရီးဆက်ခဲ့မယ် သာဆိုလို့ရှိရင် ဆက်နိုင်ခဲ့မယ်ဆိုလို့ရှိရင် ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေ ထက် ပိုမိုမြင့်မားတဲ့အဆင့်ကို ရချင်ရနိုင်တယ်။ ပိုမိုမြင့်မားတဲ့အဆင့်ကို မရနိုင်ရင်တောင်မှ နိမ့်ကျ သွားတဲ့ အနေထားတော့ မဖြစ်နိုင်ပါဘူးလို့ ကျွန်တော်ရဲရဲကြီး ပြောနိုင်ပါတယ်။ သို့သော်လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)နီးပါးလောက်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့ခြင်းဟာ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံမှာဖြစ်နေတဲ့ နိုင်ငံရေးအခင်းအကျင်းကို ဖြစ်ပေါ်စေခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ဒီအချိန် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီမိုကရေစီကို ကျကျနနသဘောပေါက်တဲ့ လူတွေ ရှိသလို အနည်းငယ်လောက်သာ တီးမိခေါက်မိတဲ့ သူတွေလည်းရှိတယ်။ ဒါ့အပြင် လုံးဝနားမလည် သေးတဲ့ လူတွေလည်း ကျေးလက်ဒေသမှာ အထူးရှိနေပါသေးတယ်။

ဒီလိုအနေအထားမှာ အထက်ကတင်ပြခဲ့တဲ့ အနည်းငယ်လောက်သာ တီးမိခေါက်မိ နားလည် တဲ့သူတွေ၊ လုံးဝမသိသေးတဲ့လူတွေထဲမှာ သာမန်ပြည်သူတွေမကဘဲနဲ့ ဝန်ထမ်းတစ်ချို့တောင် ပါတယ် လို့ ကျွန်တော်တို့ ဝမ်းနည်းစွာ တွေ့ရှိနေရပါတယ်။ ဒါ့ကြောင့်မို့ ယနေ့ဒီမိုကရေစီဆိုတဲ့ နိုင်ငံရေးသိပ္ပံ အယူအဆ ဘာသာရပ်ကိုလည်းပဲ ကျွန်တော်တို့ကျောင်းတွေမှာ သင်ကြားပြသဖို့ လိုအပ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဘာသာရပ်ကို မိတ်ဆက်သင်ကြားပေးသင့်တယ်လို့ ပြောခြင်းဟာ ဒီဝါဒကို မလွဲမသွေလက်ခံရမယ်လို့ ပြောခြင်းမဟုတ်တာကိုတော့ ကျွန်တော် ထည့်သွင်း

ပြောကြားမှုသာလျှင် ဒီမိုကရေစီကျမှာ ဖြစ်တဲ့အတွက် ဒီအချက်ကိုလည်း အလေးအနက် တင်ပြလို ပါတယ်။

အချုပ်အားဖြင့် အဆိုရှင်ရဲ့ အဆိုဟာ ခေတ်ကာလနဲ့လျော်ညီစွာ တောင်းဆိုထားတဲ့ အဆို ဖြစ်ပါတယ်။ မျိုးဆက်သစ်တွေရဲ့အနာဂတ်ဟာ တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့အတွက် ဒီအဆို ကို အတည်ပြုပေးနိုင်ဖို့အတွက် ကျွန်တော် လေးစားစွာ ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ဝင်းမြင့်ချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဆိုတာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဘဝအဆင့်အတန်း တိုးတက် မြင့်မားစေဖို့ အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မိမိရပ်ရွာဒေသ အသိုင်းအဝိုင်းမှာ အောင်မြင်သူ ဖြစ်လာရုံမက အမျိုးသားလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုး ကူညီခြင်းဖြစ်ပါတယ်။ ပညာရေးဟာ လူမှုရေးဆိုင်ရာ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုအတွက် အဓိက ဖော်ဆောင်ပေးခြင်းဖြစ်သလို နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအုတ်မြစ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံပညာရေးကို အမျိုးသားရေးမဟာဗျူဟာစီမံကိန်း ချမှတ်အကောင်အထည်ဖော် ပြုပြင်ပြောင်းလဲခြင်းပြုလုပ်ရာမှာ Quality Education ဖြစ်ရန် ယနေ့ကာလနဲ့လျော်ညီစွာ စာသင်ကျောင်းတွေမှာ သင်ရိုးညွှန်းတမ်း အနေနဲ့ မျိုးဆက်ပွားကျန်းမာရေး၊ ဒီမိုကရေစီနဲ့ ပြည်သူ့နီတိတို့ကို အခြေခံတဲ့ ပညာရေးစနစ်နဲ့ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသိပညာ၊ အတတ်ပညာတွေ နှစ်မျိုးရှိကြရာမှာ ယနေ့ကာလဟာ အတတ်ပညာအားဖြင့် တိုးတက်မှုအလွန် မြန်ဆန်နေတဲ့ ခေတ်ကာလဖြစ်ခြင်း၊ ကမ္ဘာကြီးဟာ ရွာကြီး တစ်ရွာအလား ဆက်စပ်နေမှုကြောင့်၊ ယဉ်ကျေးမှုများ လွယ်ကူစွာပျံ့နှံ့နေခြင်း၊ နည်းပညာဖွံ့ဖြိုးမှု ကြောင့် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုများ အရွယ်မရွေး လွယ်ကူစွာ မြင်လွယ်ကြားလွယ်ခြင်း၊ မူးယစ် ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲမှု လျင်မြန်လွယ်ကူနေခြင်း စတဲ့အကြောင်းများကြောင့် ယနေ့ မျက်မှောက်လူမှုပတ်ဝန်းကျင်ကြီးက စိန်ခေါ်မှုများစွာလည်း ရှိနေပါတယ်။ အိမ်တွင်းအကြမ်းဖက်မှု များ၊ မတရားအနိုင်ကျင့်မှုများ၊ လူသတ်မှုများ၊ လိင်အမြတ်ထုတ်မှု၊ လိင်မသမာမှုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများ၊ မူးယစ်ရမ်းကားမှုများစတဲ့ ဒုစရိုက်ပေါင်းစုံ တွေ့ကြုံနေရပါတယ်။ ဒီလိုစိန်ခေါ်မှု

တွေကို တွေ့ကြုံနေရခြင်းဟာ အသိပညာပိုင်းမှာ အားနည်းသွားခြင်း၊ နိုင်ငံသားတိုင်းကျင့်သုံးအပ်တဲ့ ကျင့်သုံးရမယ့် ကိုယ်ကျင့်တရားများ၊ ချည့်နဲ့သွားခြင်းကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောင်းသင် ပညာရေးမှာ ဒီမိုကရေစီနဲ့ ပြည်သူ့နီတိကို အခြေခံတဲ့သင်ရိုးများ ထည့်သွင်းသင့်ကြောင်း ဆွေးနွေးလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနှင့် ပြည်သူ့နီတိတို့ဟာ အခြေခံသဘောတရားချင်း ဆက်စပ် နေကြပြီးတော့ အပြန်အလှန် ကြောင်းကျိုးပြုနေတဲ့ကျင့်စဉ်များလည်း ဖြစ်ပါတယ်။ ပြည်သူ့နီတိဆိုတဲ့ ကိုယ်ကျင့်တရားကောင်းမွန်ပြီးတော့မှ လိမ္မာယဉ်ကျေးခြင်း၊ စည်းကမ်းဥပဒေကို သိရှိလိုက်နာခြင်း၊ ရိုးသားရဲရင့်စွာ ပြုမူပြောဆိုတတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း၊ အများအကျိုးဆောင်ရွက်လိုခြင်း စတဲ့အခြေခံစိတ်ဓာတ်ကောင်းများကို ကျောင်းနေစဉ်အခါတည်းက ပြုစုလေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် လူမှုဝန်းကျင်တစ်ခုလုံးဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို လူလူချင်း တန်ဖိုးထားတတ်တဲ့ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတမှုကိုလိုလားခြင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းဝါဒကို အခြေမခံဘဲ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ သဘောတရားများကို လက်ကိုင် ထားခြင်း၊ လွတ်လပ်စွာဖန်တီးလုပ်ဆောင်မှုကို အလေးပေးခြင်းစတဲ့ ဒီမိုကရေစီကျင့်စဉ် အကျင့်ကောင်း များ ရှင်သန်ဖွံ့ဖြိုးလာနိုင်ပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်သာလျှင် နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင် နိုင်တယ်လို့ယူဆကာ ခံယူကျင့်သုံးပြီး လက်တွေ့လည်း အောင်မြင်တိုးတက်နေတဲ့ နိုင်ငံတိုင်းရဲ့ ပညာရေးမှာ ဒီမိုကရေစီစံနှုန်းများအတိုင်း ပြည်သူ့နီတိကို လေ့ကျင့်ပျိုးထောင် ပေးနေကြပါတယ်။ ဒီမိုကရေစီအောင်မြင်ရေးအတွက် ပြည်သူ့နီတိသဘောတရားများကို ကျောင်းသင်ပညာရေးအဖြစ် ပြဋ္ဌာန်းသင်ကြားခြင်းက ဆက်စပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူ့နီတိဆိုတဲ့ ပြည်သူ ပြည်သားတိုင်း ကျင့်သုံးရမယ့် အခြေခံသဘောတရားတွေ၊ အခြေခံလူသားစိတ်တွေကို လေ့ကျင့်ပေး ရာမှာ ကျောင်းသင်ပညာရေးမှာကတည်းက အပြန်အလှန် ဆွေးနွေးငြင်းခုန်ခြင်း၊ ကျောင်းတွင်း ရွေးကောက်ပွဲများ ပြုလုပ်ခြင်း၊ မဲဆွယ်မဲပေးခြင်း၊ စကားစစ်ထိုးခြင်း စတဲ့ကျောင်းတွင်း ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးကာ လမ်းစဖော်ပေးကြရမှာပဲဖြစ်ပါတယ်။ ဒီနေရာမှာ ဒီမိုကရေစီစနစ်ကိုအခြေခံတဲ့ ပြည်သူ့နီတိ သဘောတရားတွေကို ကျောင်းသင်ပညာရေးမှာ အချိန်တစ်ခုအနေနဲ့သာမက သင်ကြားမှု တိုင်းမှာ အလျဉ်းသင့်သလို ထည့်သွင်းဖော်ဆောင်ပေးရမှာလည်းပဲ ဖြစ်ပါတယ်။ အပြန်အလှန် ဆွေးနွေး တတ်ခြင်း၊ အပေးအယူလုပ်ခြင်း၊ ညှိနှိုင်းခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ရလဒ်များကို အများစုပေါင်း ခံစားခြင်း စတဲ့ကိစ္စတွေ သင်ကြားနေရင်းနဲ့ လက်တွေ့အကောင်အထည်ဖော် လေ့ကျင့်ပေးမှ ပို၍ အကျိုးရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးဆက်ပွားကျန်းမာရေးအနေနဲ့ ဆွေးနွေးလိုတာကတော့ မျိုးဆက်ပွား ကျန်းမာရေးဆိုတာ သာမန်လိင်ကိစ္စအသိပေးတာမဟုတ်ပါဘူး။ ခန္ဓာကိုယ်ရဲ့ သဘောသဘာဝကို မှန်ကန်စွာသိနားလည်ပြီး ဆောင်ရန်၊ ရှောင်ရန် ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်တတ်ရန် အခြေခံကျန်းမာရေးအသိပညာပေးခြင်းသာ ဖြစ်ပါတယ်။ ဒါမှသာ မှားယွင်းသော လိင်အသုံးချမှုများ ကင်းစင်ပြီးတော့ လူမှုရေး၊ ကျန်းမာရေး ဆိုးကျိုးများ ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။ အချုပ်ပြောရရင်

ကျောင်းသင်ပညာရေးမှာ (၁) ကလေးများကို သည်းခံစိတ်၊ ကိုယ်ချင်းစာနာစိတ်၊ အမှန်တရားကို မြတ်နိုးစိတ်၊ ပွင့်လင်းမြင်သာမှုရှိလိုစိတ်၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိလိုတဲ့စိတ်၊ မျှဝေလိုစိတ်၊ ပူးပေါင်း ကြိုးစားဆောင်ရွက်လိုတဲ့စိတ် စတဲ့ ပြည်သူ့နီတိ အခြေခံသဘောတရားတွေနဲ့ ဒီမိုကရေစီ အခြေခံ သဘောတရားများ ရှင်သန်ဖွံ့ဖြိုးလာအောင်၊ (၂)မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခြေခံကျန်းမာရေး အသိ ပညာရှင်သန်ဖွံ့ဖြိုးတိုးတက်လာအောင်၊ အခြေခံပညာရေးမှအစ အသိပညာရေး၊ အဆင့်မြင့် ပညာရေး အဆုံးကောင်းမွန်စွာ ဖော်ဆောင်ပေးခြင်းအားဖြင့် အနာဂတ်ရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် လာမှာဖြစ်လို့ အဆိုရှင်၏အဆိုကို လေးနက်စွာထောက်ခံကြောင်း ဆွေးနွေးတင်ပြလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ၁၈-၅-၂၀၁၇ ရက်နေ့က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းရဲ့ အဆို ထဲမှာ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီကဏ္ဍကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲချိန်တန်ပြီဆိုတာ ကျွန်တော်တို့ အဆိုးမှအကောင်းသို့ ဆင်းရဲ ရာမှ ချမ်းသာရာသို့၊ အဆင့်နိမ့်ရာမှ အမြင့်သို့၊ ကောင်းကျိုးများကို ပြောင်းလဲတာကို ဆိုလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ရုပ်ပိုင်းဆိုင်ရာတွေချည်းပဲ ပြောင်းလဲနေလို့ မဖြစ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာတွေလည်း ဖွံ့ဖြိုးတိုးတက်အောင် ပြောင်းလဲတိုးတက်ဖို့ လိုအပ်ပါတယ်။ အဲဒီအခါမှာ အထူးသဖြင့် ပထမဆုံး မိမိတို့ရဲ့ စိတ်ဓာတ်တွေကို ပြောင်းလဲဖို့ အရေးကြီးသလို နောင်အနာဂတ်အတွက် လာမယ့်ကျောင်းသားလူငယ်ကလေးတွေရဲ့ စိတ်ဓာတ်တွေမြင့်မားအောင်လည်း ပြောင်းလဲဖို့လိုအပ်ပါတယ်။ ဒါမှကျွန်တော်တို့ ကလေးကောင်းမှ လူကြီးကောင်းမယ်၊ လူကြီးကောင်းမှ တိုင်းပြည်ကောင်းမှာဖြစ်လို့ပါပဲ။ နောက်တစ်ခါ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းတွေမှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုပြီးတော့ စာတမ်းတွေ၊ ဆိုင်းဘုတ်တွေ ရေးထားပေမယ့် လက်တွေ့မှာ တော့ ဒီလောက်ထိရောက်မှု မရှိတာကိုတွေ့ရပါတယ်။

အဲဒီတော့ လူငယ်တွေ၊ အသိလိမ္မာရှိအောင်၊ လူတော်လူကောင်းလေးတွေဖြစ်အောင် လိမ္မာ ရေးခြားရှိအောင်၊ အသိပညာတွေမြင့်မားအောင် ဆိုလို့ရှိရင် ပြည်သူ့နီတိဘာသာရပ်က သင်ကြားပေး ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အခုလိုကျွန်တော်တို့ နိုင်ငံလို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတော့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နေတဲ့အချိန်မှာ ပို၍ပင်လိုအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြည်သူ့နီတိဆိုတဲ့ အခြေခံသဘောတရားလေးကို အနည်းငယ်တင်ပြရလို့ရှိရင် ပြည်

ဆိုတာ သားစဉ်မြေးဆက် ချွေးသွေးနဲ့ရင်းနှီးတည်ထောင်လာတဲ့ တိုင်းပြည်၊ မြို့ရွာ၊ နယ်မြေကို ဆိုလို ပါတယ်။ သူ့ဆိုတာကတော့ သူ၏လို့ အဓိပ္ပာယ်ရပါတယ်။ နီတိဆိုတာကတော့ ဆောင်သည်၊ လမ်းညွှန် သည်လို့ အဓိပ္ပာယ်ရတဲ့အတွက်ကြောင့် ပြည်သူ့နီတိဆိုတာ ပြည်သူ့အကျိုး၊ အများအကျိုးအတွက် တိုးပွားအောင်ဆောင်ရွက်တာလို့လည်း ဆိုလိုပါတယ်။ အဲဒီတော့ လူတစ်ဦးနဲ့တစ်ဦး ဆက်ဆံရာမှာ စုရုံးပြီးတော့ ပေါင်းသင်းဆက်ဆံရာမှာ ကျွန်တော်တို့ သိသင့်သိထိုက်တဲ့ကိစ္စ၊ အကြောင်းအရာတွေ၊ သိသင့်သိထိုက်တဲ့ တာဝန်ဝတ္တရားတွေကို လေ့လာသင်ကြားသိရှိခြင်းအားဖြင့် လူ့ဘဝ၊ လူ့လောကကြီး၊ အဆင့်မြင့်လာမှာ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့နီတိဘာသာရပ်ကို ကျွန်တော်တို့က သင်ကြားပေး သင့်ပါတယ်။ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်ကလည်းပဲ မြန်မာနိုင်ငံစာသင်ကျောင်းတွေမှာ သင်ကြား ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားဆိုတာ နိုင်ငံတော်ရဲ့တာဝန်တွေကို ဝေပုံကျထမ်းဆောင်ပြီးတော့ ဂုဏ်အင်္ဂါအရည်အချင်းတွေ၊ ဝတ္တရားအရ ရရှိတဲ့နိုင်ငံတော်က ပေးစွမ်းတဲ့အခွင့်အရေးတွေကို ကျွန်တော်တို့ ခံစားပိုင်ခွင့်ရှိတာကို နိုင်ငံသားလို့ခေါ်ပါတယ်။ တစ်ခါ နိုင်ငံသားတစ်ယောက်ဖြစ်ဖို့ ဂုဏ်အင်္ဂါအရည်အချင်းတွေပြည့်စုံဖို့၊ အရေးအတွက်တွေ အများကြီးရှိတဲ့အနက်က အရေးကြီးဆုံး ကတော့ ကျွန်တော်တို့ အသိပညာရှိခြင်းပါပဲ။ အကောင်းအဆိုး၊ အမှားအမှန်၊ အကျိုးအကြောင်းကို ဝေဖန်နိုင်တဲ့ဉာဏ်ရှိဖို့ပါပဲ။ ဒါ့အပြင်ကျွန်တော်တို့တွေက မိမိတို့ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘောထားကြီးခြင်း၊ သည်းခံတတ်ခြင်း၊ ရိုသေကျိုးနွံတတ်ခြင်း၊ စည်းကမ်းသေဝပ်ခြင်းစတဲ့ ကိုယ်စိတ် နှလုံးတွေကို ကျွန်တော်တို့ ယဉ်ကျေးသိမ်မွေ့အောင် ထိန်းသိမ်းကြရမှာပါ။ နောက်ပြီးတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံသားဆိုတဲ့ အကြောင်းအချက်ထဲမှာ နိုင်ငံတော်ကို တန်ဖိုးထားလေးစားပြီးတော့ အများအကျိုးအတွက် ကိုယ်ရော၊ စိတ်ပါ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံတော်ရဲ့ ဥပဒေ များကို လေးစားလိုက်နာတဲ့အပြင် အသိဉာဏ်ရှိစွာနဲ့ ရိုးသားဖြောင့်မတ်စွာ ဆန္ဒမဲပေးခြင်းစတဲ့ တာဝန် တွေကို ထမ်းဆောင်ရမှာဖြစ်တဲ့အပြင် တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးစီးပွားတွေကို ထိခိုက်လာတဲ့ အခါမှာ ပြည်တွင်း၊ ပြည်ပရန်တွေကို တွန်းလှန်တော်လှန်တဲ့ စိတ်တွေလည်း ရှိရပါမယ်။ တိုင်းရင်းသား လူမျိုးတွေနဲ့ ပတ်သက်ပြီးတော့ တစ်လှေထဲစီး တစ်ခရီးထဲသွား စုပေါင်းညီညာပြီးတော့ ညီရင်းအစ်ကို မောင်ရင်းနှမလို ဆက်ဆံပြီးတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်တတ်ကိုင်တတ်တဲ့ စိတ်ဓာတ် တွေလည်း မွေးပေးရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျောင်းသားလူငယ်တွေကို ကျွန်တော်တို့ တာဝန်နဲ့ ဝတ္တရားတွေကိုလည်း ခွဲခြား သိဖို့ လိုအပ်ပါတယ်။ နေ့စဉ်အချိန်နဲ့အမျှ ဆောင်ရွက်တဲ့ သဘောတရားကတော့ ဝတ္တရားဖြစ်ပြီးတော့ ရံဖန်ရံခါမှ ပေါ်ပေါက်ပြီးတော့ မလုပ်ရင်မဖြစ် အရေးကြီးတာကတော့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ တာဝန်ဟာ ဝတ္တရားထက် ပိုပြီးတော့ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဝတ္တရားပျက်ကွက်လို့ ရှိရင် ပျက်ကွက်သူရဲ့ သူရဲ့အနီးပတ်ဝန်းကျင် အနည်းငယ်ကိုပဲ ထိခိုက်ပြီးတော့ တာဝန်ပျက်ကွက်လို့ ရှိရင်တော့ ကျွန်တော်တို့ တစ်မျိုးသားလုံး၊ တစ်တိုင်းပြည်လုံးရဲ့ အကျိုးစီးပွားကို ထိခိုက်နေတဲ့အတွက် ကြောင့် ဒါလေးတွေကိုလည်း လူငယ်တွေကို သိစေချင်ပါတယ်။ နောက်တစ်ခါ လူတစ်ယောက်၊ နိုင်ငံသားတစ်ယောက်မှာ ရှိသင့်တဲ့ တာဝန်ဝတ္တရားတွေထဲက အရေးကြီးဆုံးကတော့ နိုင်ငံတော်ရဲ့

ဥပဒေများကို လေးစားလိုက်နာပြီးတော့ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ကိုယ်ထိလက်ရောက် လေးစားလိုက်နာခြင်းအားဖြင့် ပြည်သူတွေရဲ့ အကျိုးကို ကိုယ်ထိလက်ရောက်ဆောင်ရွက်နေခြင်းပဲ မည်ပါတယ်။

ဒီနေရာမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကလည်း လူတစ်ယောက်မှာ အရေးအကြီးဆုံးက ကိုယ်ကျင့်တရားနဲ့ အမှန်တရားကို မြတ်နိုးဖို့ပဲ ဆိုတာဟာလည်းပဲ ပြည်သူ့နီတိက ပေးစွမ်းနိုင်မှာပါ။ မန်လည်ဆရာတော်ကြီးကလည်းပဲ ပညာပြည့်ဝ နှလုံးလှ ဆိုပြီးတော့ ပြောခဲ့တာ လည်းပဲ လူငယ်မျိုးဆက်သစ်တွေအတွက် ပညာတတ်တွေရှိဖို့ လိုသလို လှပတဲ့နှလုံးသားပိုင်ရှင်များ လည်း ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ လှပတဲ့ နှလုံးသားပိုင်ရှင်တွေ တစ်နည်းအားဖြင့် ကိုယ်ကျင့် တရားပြည့်ဖို့ဆိုလို့ရှိရင် ပြည်သူ့နီတိက လိုအပ်နေတာ ကြာပါပြီ။ ဒါကြောင့်မို့လို့ ပြည်သူ့နီတိဟာ မသိ မဖြစ်၊ မသင်မဖြစ်၊ မကြည့်မဖြစ်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။ အရာရာမှာ ထိန်းကျောင်းလမ်းညွှန်မှု မရှိ လို့ရှိရင် အမှားများတတ်ပါတယ်။ အခုလို အမှားများလွယ်တဲ့ ခေတ်ကြီးမှာ အမှားနည်းအောင် ပြည်သူ့ နီတိက ကူညီပေးမှာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူများရဲ့ မျက်စိ၊ နား၊ ပါးစပ်တွေကို ရှင်သန် ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေရရှိနိုင်မှာဖြစ်လို့ ကျောင်းတွေမှာ ပြည်သူ့နီတိ ဘာသာရပ်တွေကို သင်ကြားပေးသင့်ပါကြောင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေး ဒုတိယဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ SDG စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်တဲ့ QUALITY EDUCATION အတွက် မျိုးဆက်ပွား ကျန်းမာရေး၊ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီဘာသာရပ်တွေကို မိတ်ဆက်ပေးရုံမက လက်ခံကျင့်သုံးနိုင်ရန် စီမံဆောင်ရွက် စေလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်သလို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရဲ့ (၂၁)ရာစုအတွက် အခြေခံပညာပြုပြင်ပြောင်းလဲရေးကို အားဖြည့်အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါ တယ်။

ဒီကနေ့ ကျွန်မတို့ နိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံး (Least Developed Country) နိုင်ငံ ဖြစ်ပါတယ်။ ရာစုနှစ်တစ်ဝက်ကျော် ကမ္ဘာကြီးနောက်က ကျန်ခဲ့တဲ့ပတ်ဝန်းကျင်က ရုန်းထွက်ဖို့ ကြိုးစား

နေရတာပါ။ LDC ကို တိုင်းတာ သတ်မှတ်တဲ့နေရာမှာ စုစုပေါင်း အမျိုးသားဝင်ငွေစံနှုန်း (GNM) နဲ့ စီးပွားရေး ထိခိုက်လွယ်မှု ညွှန်းကိန်း (EBI) အပြင် လူသားအရင်းအမြစ် အရည်အသွေး ညွှန်းကိန်း (HAI) က အဓိကကျပါတယ်။ ကောင်းမွန်တဲ့ လူသားအရင်းအမြစ်က ကောင်းမွန်တဲ့ ပတ်ဝန်းကျင်ကို ရှင်သန်စေမှာဖြစ်ပြီး ကောင်းမွန်တဲ့နိုင်ငံကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးရှင်။ ယေဘုယျအားဖြင့် လူသားတွေရဲ့ အခြေအနေကို တော်လှန်ရေး အခြေခံတဲ့ Revolutionary System နဲ့ Evolutionary System လို့ခေါ်တဲ့ ဆင့်ကဲဖြစ်စဥ်များနဲ့ ချဥ်းကပ်ပြောင်းလဲကြပါတယ်။ ရှိနှင့်ပြီးတဲ့ အခြေအနေကို ဆန်းသစ်တဲ့ ဖော်ဆောင်ခြင်းများနဲ့ အစားထိုး တာကို တော်လှန်ရေးအခြေခံတဲ့ (Revolutionary System) လို့ ဆိုပါတယ်။ အဲဒီအတွက် Inputs တွေ၊ Management Skill တွေ၊ ပြောင်းလဲမှုကို လက်ခံနိုင်တဲ့ ယဥ်ကျေးမှုတွေ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံအတွက် ရှိပြီးသားအခြေအနေထဲကနေ တစ်စတစ်စ တိုးတက်ပြောင်းလဲမှုကို လုပ်ဆောင်နိုင်တဲ့ Evolutionary System နဲ့ လုပ်ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ Evolutionary System မှာ လူသားအရည်အသွေးမြှင့်တင်နိုင်ဖို့အတွက် ကိုယ်ကျင့်တရားနဲ့ လုပ်ဆောင်ချက်ကို အဓိကထားပါတယ်။ ဆိုလိုတာက စိတ်ဓာတ်မြင့်မားခြင်း၊ အရည်အသွေးရှိခြင်း၊ စည်းကမ်းရှိခြင်း၊ တိုးတက်ပြောင်းလဲလိုတဲ့ ဆန္ဒရှိခြင်း၊ စုပေါင်းလုပ်ကိုင်တတ်ခြင်း စတဲ့ အခြေခံတွေကို တစ်စတစ်စ တိုးတက်ပြောင်းလဲလာစေတာ ဖြစ်ပါတယ်။ အကျင့်ပျက် ခြစားမှုတွေ၊ မသမာမှုတွေ၊ ဒုစရိုက်မှုတွေ ကင်းပြီး တရားမျှတမှုတွေနဲ့အတူ ယဥ်ကျေးတိုးတက်တဲ့ လူ့ပတ်ဝန်းကျင်ကို ဖြစ်ထွန်းစေတာ ဖြစ်ပါတယ်။ အဲဒီအတွက် ပြည်သူ့နီတိနဲ့ ဒီမိုကရေစီရဲ့ အခြေခံသဘောတွေ မဖြစ်မနေ မျိုးစေ့ချရပါမယ်။

လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဖွံ့ဖြိုးတိုးတက်ပြီးတဲ့ နိုင်ငံတွေရဲ့ $21^{St}$ Century Education Skill တွေ ချမှတ်တဲ့နေရာမှာ Communication၊ Collaboration၊ Critical Thinking၊ Creativity ဆိုတဲ့ Skills(၄)ခုကို တွေ့ရမှာဖြစ်ပါတယ်။ (၁)အချက်အနေနဲ့ Communication Skills မှာ မိဘနဲ့ သားသမီး၊ ဆရာနဲ့ ကျောင်းသား၊ အုပ်ချုပ်သူနဲ့ ပြည်သူ လူထုတွေကြား အပြန်အလှန် ဆက်သွယ်ပြန်ကြားမှုဆိုတဲ့ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီရဲ့ အခြေခံသဘော အရေးကြီးပုံတွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ Collaboration၊ Skills မှာဆိုရင် ဆင့်ကဲဖြစ်စဥ်တွေရဲ့ ပြောင်းလဲမှုအတိုင်းပဲ ပူးပေါင်းဆောင်ရွက်တတ်ဖို့၊ အများအကျိုး သယ်ပိုး ဆောင်ရွက်တတ်ဖို့၊ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ အောင်မြင်နိုင်တာ ဒါတွေအားလုံးဟာ ဒီမိုကရေစီရဲ့ ကျင့်စဥ်တွေသာ ဖြစ်တယ်။ ဥပမာအားဖြင့် ကျွန်မတို့အခု Reproductive Health Education ကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေနဲ့အတူ ပြည်သူ့အားနဲ့ ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်ဖွံ့ဖြိုးတဲ့ နိုင်ငံတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ဒီမိုကရေစီရဲ့ အခြေခံသဘောတရားတွေ သာ ဖြစ်ပါတယ်။ (၃)အချက်ဖြစ်တဲ့ Critical Thinking Skills ဆိုတဲ့ အကောင်းအဆိုး၊ အကြောင်း အကျိုးနှင့် ပိုင်းခြားဝေဖန်တွေးခေါ်နိုင်မှုဟာ Capacity Building အများကြီးလိုအပ်နေတဲ့ ကျွန်မတို့ နိုင်ငံမှာ အခြေတည်ပေးဖို့ အရမ်းလိုအပ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေး အဆင့်အတန်းကို အမီလိုက်နိုင်ဖို့ဆိုရင် ကျန်းမာရေး အသိပညာအများကြီး လိုအပ်နေပါသေးတယ်။ Reproductive Health Education ကို Sex Education နဲ့ မကွဲပြားသလို မိမိနိုင်ငံရဲ့ ယဉ်ကျေးမှုအရ သိဖို့၊ သင်ကြားဖို့ မလိုအပ်တာတွေရှိပါတယ်။ ဒါတွေက Critical Thinking လိုအပ်နေတာကို ဖော်ညွှန်းနေတာပဲ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ တွေးခေါ်နိုင်မှုဟာ ကောင်းမွန်တဲ့နိုင်ငံကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ (၄)အချက်ဖြစ်တဲ့ Creativity Skills ဆိုတဲ့ ဖန်တီးနိုင်စွမ်းဟာ LDC နိုင်ငံဖြစ်တဲ့ ကျွန်မတို့နိုင်ငံအတွက် ကဏ္ဍတိုင်းမှာ လိုအပ်နေတာပါ။ ဆန်းသစ်တီထွင်တဲ့ အတွေးအခေါ်၊ နည်းလမ်း၊ အလုပ်၊ နိုင်ငံရေးအလုပ်တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဏ္ဍတိုင်းမှာ လိုအပ်နေတာပါ။ အခုဆိုရင် အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်တဲ့ ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံ ကျွန်မတို့နိုင်ငံ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်လာဖို့၊ ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံကို သွားနိုင်ဖို့၊ ထာဝရငြိမ်းချမ်းရေးကိုရရှိဖို့ လမ်းကြောင်းဟာ နိုင်ငံတကာက အာရုံစိုက်ရတဲ့ အကောင်းဆုံး Peace Model တစ်ခု ဖြစ်နေပါတယ်။

ကောင်းသောအကျိုးပြုမယ့် ဆန်းသစ်တီထွင်မှုအားလုံးကို လွတ်လပ်စွာ တည်ဆောက်ခွင့်ပြုထားခြင်းပဲ ဖြစ်ပါတယ်။ အတိုချုပ်ပြီးပြောရမယ်ဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ 21[st] Century Education Skill တွေဟာ အဆိုရှင်ရဲ့ အဆိုတွေအားလုံးကို အခြေတည်ထားတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံ တည်ဆောက်တဲ့နေရာမှာ Evolutionary System နဲ့အညီ ကိုယ်ကျင့်တရားနဲ့ လုပ်ဆောင်ချက်တွေ မြှင့်တင်နိုင်ဖို့ရန်အတွက် Quality Education ဖြစ်ဖို့ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီဘာသာရပ်တွေ၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာတွေ မိတ်ဆက်ပေးရုံမက လက်ခံကျင့်သုံးနိုင်ရန် စီမံဆောင်ရွက်စေလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ပညာပြည့်ဝ နှလုံးလှကြပါစေလို ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) က ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ QUALITY EDUCATION ဖြစ်တဲ့ အရည်အသွေးပြည့်မီတဲ့ ပညာရေးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရာစုနှစ်ထက်ဝက်ကျော်ခန့်အထိ ဆိတ်သုဉ်းနေခဲ့ပါတယ်။ စနစ်တွေရဲ့ အစမ်းသပ်ခံဘဝနဲ့ အချိန်များစွာကုန်ဆုံးခဲ့ပြီး နိုင်ငံအတွက် တန်ဖိုးမဲ့စေခဲ့ပါတယ်။ နိုင်ငံပြန်လည်တည်ဆောက်ရေးကာလဖြစ်တဲ့ ဒီလိုကာလမျိုးမှာ တန်ဖိုးကြီးမားတဲ့ လူသား

အရင်းအမြစ်များ များစွာလိုအပ်လို့ အရည်အသွေးပြည့်မီတဲ့ ပညာရေးကို အထူးအလေးပေးပြီး ဖြည့်ဆည်းဖို့ အချိန်ကာလရောက်ပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူဆိုတဲ့သတ္တဝါဟာ မျိုးဆက်ပွားလေ့ ရှိကြပါတယ်။ လောကကြီးတစ်ခုလုံးမှာ ကတ္တိလိင်၊ ပုလ္လိင်၊ နပုလ္လိင် ဆိုပြီး လိင်(၃)မျိုး ရှိပါတယ်။ ဖို၊ မ တို့ဖြင့် မျိုးဆက်ပွားမှုကြောင့် လူသားလောကကြီးမှာ စဉ်ဆက်မပြတ် လူသားများ ဖြစ်တည်နေကြလို့ လူသားကမ္ဘာကြီးလို့ ခေါ်ဆိုနေကြပါတယ်။ မျိုးဆက်ပွားကျန်းမာရေးက အထူးအရေး ကြီးပါတယ်။ လူတစ်ကိုယ်လုံးကျန်းမာရေးအရေးကြီးသလိုပဲ မျိုးဆက်ပွားအင်္ဂါရပ် ကျန်းမာရေးကလည်း လူသားမျိုးဆက် အရှည်တည်ဖို့အတွက် များစွာအရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ အခြေခံပြည်သူများဖြစ်တဲ့ လယ်သမား၊ အလုပ်သမားများ၊ ဆင်းရဲသားများနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံ ဖြစ်ပါတယ်။ အဲဒီဆင်းရဲသားများဟာ အထက်က ကျွန်တော်ပြောခဲ့သလိုပဲ အရည်အသွေးပြည့်မီတဲ့ ပညာများ သင်ကြားခွင့်မရခဲ့လို့ လူနေဆင်းရဲ၊ ပညာဆင်းရဲနှင့် လူထဲမဝင်ကြသူများအဖို့ မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး ကြားတောင်မကြားဖူးပါဘူး။ ဒါကြောင့် ပြည်သူများဗဟိုပြုတဲ့ ဒီနေ့ကာလ မျိုးမှာ မျိုးဆက်ပွားကျန်းမာရေးအတွက် ပညာရေးကဏ္ဍမှာ သင်ကြားပေးသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုသင်ကြားခြင်းအားဖြင့် မျိုးဆက်ပွားအင်္ဂါနဲ့ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်များကို သိလာရပါလိမ့်မယ်။ ရာဇသတ်ကြီး ပုဒ်မ ၁၀ မှာ မိန်းမဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်လို့ ပြဋ္ဌာန်းထားတဲ့အတိုင်း အသက်(၄)၊ (၅)၊ (၆)နှစ်ရှိတဲ့ မိန်းကလေးဟာ မိမိရဲ့ ခန္ဓာကိုယ်ကို သို့တည်းမဟုတ် ဆံပင်ကို သို့တည်းမဟုတ် လက်ကို ကာယအိန္ဒြေပျက်သည်အထိ လက်ရောက်မှု ကျူးလွန်နေလျှင် ကျူးလွန်သူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကျူးလွန်ခံရတဲ့ မိန်းကလေးက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၅၄ နဲ့ အရေးယူနိုင်ပြီးတော့ (၂)နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်ဆိုတာကို မိန်းကလေးများ သိလာရပါမယ်။ ဒါ့အပြင် မိမိရဲ့ မျိုးဆက်ပွားအင်္ဂါကို သဘောမတူရယူခြင်း၊ အနိုင်အထက်ပြု ခြိမ်းခြောက်ရယူခြင်း၊ အင်အားသုံးရယူခဲ့တဲ့ လူယောကျ်ားကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၆ ၊ မုဒိမ်းမှုနဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း သို့မဟုတ် ထောင်ဒဏ်(၁၀)နှစ်ချမှတ်နိုင်သည့်အထိ အသိပညာ၊ ဥပဒေပညာများ သိရှိလာနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ပြည်သူ့နီတိကဏ္ဍကို တင်ပြပါမယ်။ ပြည်သူ့နီတိဆိုတာ မြန်မာအဘိဓာန်မှာ ပြည်သူများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပြည်သူများ သင်ယူ၊ လေ့လာ၊ ကျင့်ဆောင်၊ အားထုတ်အပ်သော နီတိပညာရပ်၊ နီတိကျင့်ဝတ် ဖြစ်တယ်လို့ ရဋ္ဌပါလက ဆိုထားပါတယ်။ ဒါကို ရည်ရွယ်ပြီး နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ကိုယ်သင်တဲ့ ပညာဟာ ကိုယ့်တစ်ယောက်ထဲအတွက် မဟုတ်ဘူး။ ကိုယ့်ရဲ့ ပတ်ဝန်းကျင်အတွက် ဖြစ်တယ်ဆိုတာ စောစောစီးစီးကတည်းက နားလည်ရမယ်။ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ပြည်သူ့နီတိပညာ သင်ရပါတယ်။ ပြည်သူ့နီတိပညာ သင်ကြားရတဲ့ အကြောင်းအရင်းက ကျွန်မတို့ ပြည်သူပြည်သားများဟာ ကိုယ့်ရဲ့အခွင့်အရေးတွေ၊ ကိုယ့်ရဲ့ရပိုင်ခွင့်တွေသာမက ကိုယ့်ရဲ့တာဝန်ဝတ္တရားတွေပါ သိအောင်လို့ သင်ပေးရပါမယ်လို့ မိန့်မှာခဲ့ဖူးပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့နီတိကို ကျောင်းသားလူငယ်များ သင်ကြားခြင်းအားဖြင့် လူ့ဘောင်အဖွဲ့အစည်းကို အကျိုးပြုသော နိုင်ငံသားကောင်းများ၊ ပြည်သူ့ကျင့်ဝတ်၊ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည့် လူကောင်းလူတော်များ ပေါ်ထွန်းရုံမျှမက ဒီ ပြည်ထောင်စုကြီးဟာ ဂုဏ်သရေနဲ့ပြည့်စုံတဲ့ ဒေသ၊ တင့်တယ်ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းကြီး၊ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးအဖြစ် ပြောင်းလဲစွာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ပြည်သူ့နီတိဘာသာရပ်ဟာ လူတိုင်းအတွက် ပညာရေး၊ ဘာသာကိုးကွယ်သူတိုင်းအတွက် ပညာရေး၊ တိုင်းရင်းသားအားလုံးရဲ့ ပညာရေး၊ ကမ္ဘာကို အခြေခံတဲ့ ပညာရေးဖြစ်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူဗဟိုပြုတဲ့ ဒီကာလမှာ ခိုင်မာတဲ့ အုတ်မြစ်တစ်ခုအဖြစ် ပြည်သူများနဲ့အတူ ချမှတ်သင့်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီပညာရပ်ကို ပြဋ္ဌာန်းသင်ကြားသင့်ပါတယ်။ ဒီမိုကရေစီဆိုတာ လူသားဝါဒပါပဲ။ ဆင်းရဲ၊ ချမ်းသာမခွဲခြားဘဲနဲ့ လူသားဆိုတဲ့၊ ရိုးရိုးရှင်းရှင်းမြင်တဲ့၊ လူကိုလူလိုမြင်တဲ့ဝါဒပါပဲ။ ကိုယ်ချင်းစာတရား၊ မျှတခြင်းတရား၊ ညီညွတ်ခြင်းတရားများနဲ့ လွတ်လပ်ခြင်းတရားများနဲ့ ပြည့်စုံလုံလောက်တဲ့ လောကလူသားအားလုံး၊ သက်ရှိသက်မဲ့အားလုံး ကြောက်ရွံ့ခြင်းကင်းဝေးပြီး ငြိမ်းချမ်းစွာ အသက်ရှင်နေထိုင်ခြင်းဟာ ဒီမိုကရေစီဝါဒ ပါပဲ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငါကောင်းစားဖို့၊ ငါ့မယား၊ ငါ့ခင်ပွန်းကောင်းစားဖို့၊ ငါ့သားသမီးကောင်းစားဖို့၊ ငါ့ဆွေမျိုး အပေါင်းအသင်း ကောင်းစားဖို့ဆိုတဲ့ ငါတကော ကောတဲ့ ကိုယ်ကျိုးရှာသမားများကြောင့် လူလောကတစ်ခုလုံး ဒုက္ခမျိုးစုံကြုံရ၊ အသက်ပေါင်းများစွာ သေကြေရ၊ ဘဝပေါင်းများစွာ သွေးနဲ့ရင်းနှီးရတဲ့ အဖြစ်ဆိုးတွေ၊ ဘေးဘိုးဘီဘင်ကတည်းက နိုင်ငံပိုင်အဖိုးတန် သယံဇာတမှန်သမျှကို ငါပိုင်အဖြစ် အနိုင်ကျင့်ပြီး အလွဲသုံးစား ဖြုန်းတီးခဲ့တဲ့ ဖြစ်ရပ်တွေဟာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တို့မှာ ယနေ့အချိန်အထိ ကြုံခဲ့ရ၊ ကြုံနေသေးတယ်ဆိုတာ လူသားသမိုင်းမှတ်တမ်းအရ ငြင်းလို့မရပါဘူး။ ဒီဖြစ်ရပ်တွေဟာ ဒီမိုကရေစီဝါဒနဲ့ ဆန့်ကျင်နေလို့ ဖြစ်ခဲ့ရတဲ့ အဖြစ်ဆိုးများဖြစ်ပါတယ်။ လူသားကောင်းကျိုးဝါဒကို မြန်မာ့ပညာရေးမှာ သင်ကြားပေးခြင်းအားဖြင့် မြန်မာ့ပညာရေးလောကကို အထက်တန်းအဆင့် မြှင့်တင်ပေးခြင်းဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုပါတယ်။ အဆိုရှင် တင်သွင်းထားတဲ့ ပညာရပ်(၃)မျိုးစလုံးမှာ မြင့်မြတ်တဲ့ အသိတရားညွှန်းဆိုနေတာ ထင်ရှားပါတယ်။ အဲဒီအသိတရားများကိန်းအောင်းမှ တိုင်းပြည်အေးချမ်းသာယာပါမယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်ပွဲကြီးတွေ၊ ညှဉ်းပန်းနှိပ်စက်တာတွေ၊ အုပ်စုဖွဲ့ အနိုင်ကျင့်တာတွေ၊ ပြည်သူ့ဘဏ္ဍာ ခိုးယူတာတွေ လာမယ့်အနာဂတ် မြန်မာပြည်မှာ မဖြစ်ပွားဖို့ လွန်စွာအရေးကြီးပါတယ်။ ဒါတွေမပေါ်ပေါက်ဖို့ အနာဂတ်မြန်မာနိုင်ငံတော်သစ်ကြီး လှပဖို့အတွက် မြန်မာနိုင်ငံမှာ ရှိနေကြတဲ့ ပညာရေးကောလိပ်၊ အထက်တန်း၊ အလယ်တန်းကျောင်းများမှာ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိနဲ့ ဒီမိုကရေစီတို့ကို မိတ်ဆက်သင်ကြားပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း အမျိုးသားပညာရေး

ဥပဒေပုဒ်မ ၃(ခ)ပါ ပြင်ဆင်ချက်နဲ့အညီ အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မနက်ဖြန်ကျင်းပမယ့် အစည်းအဝေးမှာ ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန် လ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]